# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီ အချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၄.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး ယနေ့ နဝမနေ့သို့ မတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးမောင်ဦးမှ စုပေါင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားထားသူများရဲ့အခြေအနေမှာတော့ ယခင် ခွင့်ပန်ကြားထားသူ ၅ ဦး၊ ယနေ့ အသစ် ခွင့်ပန်ကြားထားသူ ၁၉ ဦး၊ စုစုပေါင်း ၂၄ ဦး ခွင့်ပန်ကြားထားရှိကြောင်း ခွင့်ပြုနိုင်ရန် တင်ပြအပ် ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၁၉ ဦးမှာတော့-

(၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းသည် ပြည်ပနိုင်ငံသို့သွားရောက်ရန် ကိစ္စရှိပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၂၅-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၁၀ ရက်အားလည်းကောင်း၊

(၂) ဓနုဖြူမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးကြည်တင့် သည် ခုတင် ၁၀၀၀ ဆေးရုံတွင် ဆေးတက်ရောက်ကုသနေပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၈-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အားလည်းကောင်း၊

(၃) လှိုင်သာယာမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးဉာဏ်ဝင်းသည် ကျန်းမာရေးမကောင်းပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၂၀-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်အားလည်းကောင်း၊

(၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးမြင့်လွင်သည် နေမကောင်းပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၈-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက် အားလည်းကောင်း၊

(၅) ဒေါပုံမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးလှမြင့်သည် နေမကောင်းပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၈-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက် အားလည်းကောင်း၊

(၆) ညောင်တုန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်မြသန်းသည် ဇနီးသည်ကျန်းမာရေးကိစ္စရှိပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၇) အမ်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးသိန်းဆွေသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၈) မုံရွာမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးခင်မောင်ဦးသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၈-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အားလည်းကောင်း၊

(၉) လေရှီးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးရှိသီးသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၀) လယ်ဝေးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးဋ္ဌေးဝင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၁) လှိုင်းဘွဲမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးစောသိန်းအောင်သည် နေမကောင်းပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၂) ဇီးကုန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးခင်မောင်မြင့်သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၃) သာယာဝတီမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးမောင်မောင်သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၄) ခန္တီးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးလှထွန်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၈-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း၊

(၁၅) ကျောက်မဲ မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ သည် ကိုယ်ရေးကိုယ်တာဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၈-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက် အဖြစ်လည်းကောင်း၊

(၁၆) တပ်မတော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဇော်မိုးသည် မိခင်ကျန်းမာရေးမကောင်းပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၁၇) တပ်မတော်ကိုယ်စားလှယ် ဗိုလ်မှူးသန်းဇော်ဦးသည် ဇနီးဖြစ်သူ နေမကောင်းပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၈-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက် အားလည်းကောင်း၊

(၁၈) ဘားအံမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဒေါ်နန်းစေအွာသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၁၆-၇-၂၀၁၂ ရက်နေ့မှ ၁၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၁၉) သာပေါင်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးဝင်းသန်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁၆-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊ စုစုပေါင်း ၁၉ ဦး အား ခွင့်ပြုပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ မိမိရဲ့ ဆောင်ရွက်ချက်တင်ပြလိုပါတယ်။ ၁၃-၇-၂၀၁၂ ရက် (သောကြာနေ့)တွင် ကွန်ဟိန်းမဲဆန္ဒနယ်မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဝါနု၏ အရေးကြီးအဆိုတင်သွင်းမှုနှင့် လွှတ်တော်၏ ဆုံးဖြတ်မှုအပေါ် မိမိ၏ဆောင်ရွက်ချက်ကို တင်ပြခြင်း ဖြစ်ပါတယ်။ လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်မှာ လွှတ်တော်နှင့်ဆောင်ရွက်နိုင်သူမည်သူ့ကိုမဆို၊ ဆောင်ရွက်နိုင်သည့် မည်သည့်နည်းလမ်းကို အသုံးပြု၍ဖြစ်စေ ညှိနှိုင်းတိုက်တွန်းပေးရန် ဆုံးဖြတ်ခဲ့၍ မိမိဥက္ကဋ္ဌတွင်လည်း တာဝန်ရှိတာနှင့်အညီ မိမိသည်လည်း ထိုဆုံးဖြတ်ချက်ကို ၁၄-၇-၂၀၁၂ရ က် ၁၀း၃၀ အချိန်တွင် အမေရိကန်စီးပွားကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဒုတိယဝန်ကြီး Mr.Robert Hormats ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် အမေရိကန်မှ စီးပွားရေးအရေးယူပိတ်ဆို့မှုများအား ဖြေလျှော့ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ သို့ရာတွင် လာမည့် ၂၆-၇-၂၀၁၂ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော The Burmese Freedom

and Democracy Act of 2003 အား ပြည်သူ့ဥပဒေ 108-61 50 U.S.C စာအမှတ် 1071 တွင် ပါဝင်သော ကိုးနှစ်ဟူသောစကားစု(သက်တမ်း)အား ပယ်ဖျက်ပြီး တစ်ဆယ့်တစ်နှစ် ဟူသော စကားစု သက်တမ်းအား အစားထိုးပြင်ဆင်သည်ကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် Ms. comnell, Mrs.feeinstien ပါနှစ်ဦးတို့က လွှတ်တော်အတွင်း နှစ် ကြိမ်တိုင်တင်သွင်းခဲ့ပြီး ဘဏ္ဍာရေးကော်မတီ သို့လွှဲအပ်ပေးခဲ့ကြောင်း ခိုင်မာစွာသတင်းရရှိခဲ့ပါသည်။ ထိုအဆိုအောင်မြင်သွားပါက စီးပွားရေး ပိတ်ဆို့မှုသက်တမ်းသည် ၂၀၁၅ ခုနှစ်အထိ ရောက်ရှိသွားမှာဖြစ်၍ သက်တမ်းလုံးဝမတိုးရန် မိတ်ဆွေ တို့မှတတ်စွမ်းသမျှကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့ပါတယ်။ ၎င်းအပြင် ယခုအမေရိကန်မှ စီးပွားရေးပိတ်ဆို့ဖြေလျှော့မှုများသည် အမေရိကန်ကုမ္ပဏီလုပ်ငန်းရှင်များအတွက်သာဖြစ်ပြီး မြန်မာ နိုင်ငံသားများ ပို့ကုန်နှင့်ငွေကြေးလဲလှယ်မှုများအတွက် မပါရှိသေးပါ၍ တစ်လမ်းသွား၊ တစ်ဖက်သတ် ဆန်နေပါကြောင်း။ ၎င်းကိစ္စအားပြန်လည်သုံးသပ်၍ မြန်မာပြည်သူများအကျိုး၊ မြန်မာတိုင်းရင်းသား များ၏အကျိုးကိုသာ စဉ်းစားဆောင်ရွက်ပေးရန်လိုပါကြောင်း။ မိမိနှင့်အတူ အစည်းအဝေးတက် ရောက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် အမေရိကန်နိုင်ငံ ဒုတိယဝန်ကြီး အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်ကိုပါ မေတ္တာရပ်ခံခဲ့ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များထဲမှ စွမ်းဆောင်နိုင်သော မျိုးချစ်ပုဂ္ဂိုလ်များသည် နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားအတွက် မြန်မာနိုင်ငံအပေါ် ထပ်မံ သက်တမ်းတိုးပိတ်ဆို့အရေးယူမှုမပြုရန်နှင့် နှစ်လမ်းသွားမျှတသော စီးပွားရေးဖြေလျှော့မှုများနှင့် ငွေကြေးပုံမှန်လဲလှယ်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးပါရန် အလေးအနက်တိုက်တွန်း မေတ္တာရပ် ခံလိုပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**လယ်လုပ်ခွင့်ဆုံးရှုံးနေသည့်လယ်သမားများကိုပြန်လည်လုပ်ကိုင်ခွင့်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်အား မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဒေါ်စုစုလှိုင်(ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင် ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ လယ်လုပ်ခွင့်ဆုံးရှုံးနေတဲ့ လယ်သမားများကို ပြန်လည်လုပ်ကိုင်ခွင့်ပေးရန်နှင့်ပတ်သက်တဲ့မေးခွန်း ၅ ခုကိုတည်ဆဲဥပဒေများအပေါ် အခြေခံပြီး မေးမြန်းသွားမှာဖြစ်တဲ့အတွက် မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ရှင်။ နိုင်ငံတော်အကြီးအကဲများမှ နိုင်ငံတော်တွင် ဆန်စပါးတိုးတက်ထုတ်လုပ်နိုင်စေရန်နှင့် လယ်သမားများရဲ့လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတွင် လယ်သမားလုပ်ကိုင်နေသောလယ်မြေများကို လယ်သမားနှင့် ကုမ္ပဏီအကျိုးတူပူးပေါင်းသော စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်ကိုစီမံခဲ့ပါတယ်။ ယင်းသို့ စီမံဆောင်ရွက်ရာတွင် ကုမ္ပဏီများမှကိုယ်တိုင်ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုဘဲ လယ်သမားများသို့သာ သွင်းအားစုစိုက်ထုတ်ပေးသွင်းစေပြီး ထွက်ပေါ်လာတဲ့အကျိုးအမြတ်အပေါ် ခွဲဝေခံစားစေတဲ့မူဖြင့်ဆောင်ရွက်စေခဲ့တာကို သိရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်အတွက်အကျိုးဖြစ်ထွန်းစေ၊ တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေဆိုတဲ့ စေတနာကောင်းဖြင့်ဆောင်ရွက်ခြင်းဖြစ်တာကို အားလုံးကသိနားလည်ကြသော်လည်း မြေပြင်ရှိတကယ့်လက်တွေ့မှာ အကြီးအကဲများရဲ့စေတနာဟာ ဝေဒနာဖြစ်နေကြောင်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များကို ဥပမာထား၍အောက်ပါအတိုင်းမေးမြန်းလိုပါတယ်ရှင်။

မေးခွန်း (၁) အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ကုမ္ပဏီများအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်မြင့်မားရေး၊ လယ်သမားဘဝမြင့်မားရေးတို့အတွက် မိမိတို့ရဲ့ကျေးဇူးရှင်ဖြစ်တဲ့ နိုင်ငံတော်ကိုအကျိုးပြုတဲ့ နိုင်ငံတော်အကျိုးပြုကုမ္ပဏီများအဖြစ်ခံယူထားကြသင့်သော်လည်း ဒေသခံလယ်သမားတို့ရဲ့စိတ်နေစိတ်ထားကိုထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အကျိုးတူလုပ်ငန်းအတွက် လုပ်နည်းလုပ်ဟန်နဲ့ အကျိုးတူဖော်ဆောင်ရေးအတွက် နှစ်ဖက်သဘောတူတဲ့လုပ်ထုံးစည်းမျဉ်းများညှိနှိုင်းသတ်မှတ်၍ ဥပဒေကြောင်းအရအကျိုးတူခံစားခွင့်၊ သဘောတူညီချက်၊ မှတ်တမ်းမှတ်ရာလည်းမရှိပါ။ နှုတ်ဖြင့်ပြောပြအလံတိုင်စိုက်၍မြေတိုင်းခြင်းကို ဦးစွာပြုလုပ်ကာ မြေသိမ်းခြင်းကိုသာဦးစွာဦးစားပေးလုပ်ဆောင်ခဲ့ကြပါတယ်။ လယ်သမားများနဲ့အကျိုးတူပြုလုပ်ခြင်းသဘောထက် မြေကိုလက်ရောက်သိမ်းလိုသောသဘောကပိုများနေတာကိုတွေ့ရပါတယ်။ လယ်ကွင်းထဲရှိတဲများကိုဖျက်သိမ်းဖယ်ရှားခံရတဲ့အတွက် လယ်သမား

များအနေနဲ့ ၎င်းတို့ရဲ့လယ်မြေများကိုသိမ်းပြီး သူတို့အားနှင်ထုတ်တယ်လို့ခံစားကြရမှာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ မိမိတို့ပိုင်လယ်ကိုလွတ်လွတ်လပ်လပ်လယ်ရှင်ဘဝဖြင့်ဆောင်ရွက်လာရာမှ ကုမ္ပဏီများအခိုင်းခံရသော လယ်သမားဘဝသို့ရောက်ရတယ်လို့လယ်သမားတွေစိတ်ထဲမှာ ခံစားချက်ဖြစ်ပေါ်စေခဲ့ပါတယ်။ လယ်တဲများအားပြောင်းရွှေ့စရိတ်ပေးဖယ်ရှားပြီး မြေပြင်တွင်အလံတိုင်စိုက်၍ နယ်မြေသတ်မှတ်ကာ လက်ငုပ်လယ်သမားများကိုဆက်သွယ်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း မပြုတော့၍ လယ်သမားအများစုမှာ ယခင်မိမိပိုင်လယ်ကိုလုပ်ပိုင်ခွင့်မရတော့ဘဲ လယ်မဲ့ယာမဲ့၊ အလုပ်လက်မဲ့ဘဝကိုရောက်သွားတာကို ပြည်ထောင်စုအစိုးရကသိပါသလား။ သိရှိပါကမည်သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုပါတယ်။ မေးခွန်း(၂) အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ လယ်သမားအချို့အနေဖြင့် တစ်ဧကအထွက်နှုန်းသတ်မှတ်ချက်အတိုင်းမထွက်တဲ့အခါ ကုမ္ပဏီက လယ်သမားအား ခိုးမှုဖြင့်တရားစွဲသဖြင့် လယ်သမားမှာရှိစုမဲ့စုဖြင့် အမှုကိုရင်ဆိုင်ရခြင်း၊ လူမှုရေး ဂုဏ်သိက္ခာကျခြင်း၊ စားဝတ်နေရေးခက်ခဲမှုဖြစ်ပေါ်ခြင်းတို့ကြောင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရသဖြင့် ကုမ္ပဏီများဘက်မှအထက်ပါအတိုင်း တရားမဲ့နိုင်ထက်စီးနင်း ဆောင်ရွက်နေတာကို ပြည်ထောင်စုအစိုးရကသိပါသလား။ သိရှိပါက နောင်မဖြစ်အောင်မည်သို့ စီမံဆောင်ရွက်မည်ကိုသိလိုပါတယ်။ မေးခွန်း(၃) လယ်ယာမြေကိုသိမ်းပါက မြေသိမ်းအက်ဥပဒေပုဒ်မ ၄ အရ နိုင်ငံတော်အစိုးရကအများပြည်သူအတွက်လိုအပ်ကြောင်း နိုင်ငံတော်ပြန်တမ်း၌ဦးစွာကြေညာရပါမယ်။ ယင်းဥပဒေပုဒ်မ ၅ အပိုဒ်ခွဲ(က)အရ သက်ဆိုင်သူကကန့်ကွက်လိုလျှင် ၃ ရက်အတွင်း ကန့်ကွက်ရပါမယ်။ ယင်းနောက်ဥပဒေပုဒ်မ ၆ အရ နိုင်ငံတော်သမ္မတက မြေသိမ်းကြေညာချက်အမိန့် ထုတ်ပြန်ရပါမယ်။ ပုဒ်မ ၁၇ အရလျော်ကြေးခွင့်ပြုရပါမယ်။ လျော်ကြေးအားကျေနပ်ခြင်းမရှိပါက ယင်းဥပဒေပုဒ်မ ၁၈ အရ တရားရုံးသို့လွှဲပေးရန် လျှောက်ထားနိုင်ကြောင်းဥပဒေတွင် အတိအလင်း ဖော်ပြထားပါတယ်။ လယ်သမားများအတွက် ကုမ္ပဏီများမှ တစ်ဧကကျပ် ၃၅၀၀၀၊ ၄၀၀၀၀၊ ၅၀၀၀၀ ပေးချေခြင်းနဲ့ပဲ အထက်ပါမြေသိမ်းဥပဒေနဲ့အကျုံးမဝင်တာကို ပြည်ထောင်စုအစိုးရကသိပါသလား။ သက်ဆိုင်ရာကုမ္ပဏီများ သိနားလည်အောင် မည်သို့ဆောင်ရွက်ပေးမည်ကိုသိလိုပါတယ်။ မေးခွန်း (၄) ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်တွင် လယ်သမား ၆၁၅ ဦးအနေနဲ့ လက်ငုပ်လယ် ၆၂၄၇.၉၄ ဧကကိုလယ်လုပ်ပိုင်ခွင့် ဆုံးရှုံးနေချိန်တွင် အကျိုးတူကုမ္ပဏီများအနေဖြင့် လယ်ဧက ၅၀၀ ခန့်ကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သုံးနှစ်မြေငှားစာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ရရှိနေတာကိုတွေ့ရပါတယ်။ ကုမ္ပဏီများအနေနဲ့ လက်ရှိ

လက်ငုပ်သဖွယ်ဖြစ်နေပြီး မူလလယ်သမားများမှာ မူလလက်ငုပ်သဖွယ်ဖြစ်နေရာ မူလလက်ငုပ်နဲ့ လက်ရှိလက်ငုပ်တို့ ရေရှည်မြေယာလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍အငြင်းပွားရာမှာ လယ်မြေတွင် တကယ် လုပ်ကိုင်သူသာ လယ်လုပ်ကိုင်ခွင့်ရမယ်ဆိုတဲ့အချက်ကို အဓိကထားပြီးစဉ်းစားဆုံးဖြတ်ပါက လောလောဆယ်အခြေအနေတွင် ကုမ္ပဏီများအနေနဲ့ နေ့ချင်းညချင်းမြေဧက ၅၀၀ ခန့်စီကို သီးစား အဖြစ်မှတ်ပုံတင်ခွင့်ရရှိရန်ဥပဒေအရ၊ အခွင့်အရေးအရအသာစီးရနေပါတယ်။ ဤသို့ဖြစ်ပေါ်ပါက ဖြစ်စဉ်ပါကုမ္ပဏီများအနေနဲ့ အခွင့်ထူးများရရှိပြီး တရားမျှတမှုကင်းမဲ့နေတာကို အစိုးရအနေဖြင့် သိပါသလား။ သိရှိပါက လယ်လုပ်ပိုင်ခွင့်ဆုံးရှုံးနေတဲ့ မူလလက်ငုပ်လယ်သမား ၆၁၅ ဦးအား လက်ငုပ်လယ် ၆၂၄၇.၉၄ ဧကကို ဥပဒေနှင့်အညီသီးစားအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်းကိုဆောင်ရွက် ပေးရန်အစီအစဉ် ရှိ၊ မရှိသိလိုပါတယ်။ မေးခွန်း(၅) အထက်ပါ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ ဒဂုံတောင်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်တို့မှ လယ်သမား ၆၁၅ ဦး၏လယ်လုပ်ခွင့် ဆုံးရှုံးနေတဲ့ လယ်မြေ ၆၂၄၇.၉၄ ဧကသည် လန ၃၉ အရ လယ်ယာမြေကိုနိုင်ငံတော်မှ သတ်မှတ်တဲ့ နည်းလမ်းအသုံးချရန်အတွက် လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ၁၉၉၈ ခုကထုတ်ပြန်ထားခဲ့သော်လည်း ယနေ့ အထိလယ်ယာလုပ်ငန်းကိုသာဆက်လက်လုပ်ကိုင်နေပြီး နောင်အရှည်သဖြင့်လယ်ယာမြေများအဖြစ် ဆက်လက်ရှိဦးနေမယ်လို့သုံးသပ်ရရှိခြင်း၊ ကုမ္ပဏီများနှင့် လယ်သမားများအကျိုးတူပူးပေါင်းဆောင် ရွက်ရေးလုပ်ငန်းစဉ်ချမှတ်ဆောင်ရွက်ရာတွင် ယခုလက်ရှိအခြေအနေအရမမျှတမှုဖြစ်လာတဲ့အတွက် လတ်တလောအခြေအနေတွင် မူလမျှော်မှန်းထားတဲ့အတိုင်းဖြစ်မလာဘဲ လယ်သမားများအတွက် များစွာထိခိုက်မှုများရှိလာခြင်း၊ မူလကတည်းကပင် လယ်သမားများနှစ်ပေါင်းများစွာ ဘိုးဘွားစဉ်ဆက် ခါးမဦးချလုပ်ကိုင်ခဲ့တဲ့ မူလလက်ငုပ်လယ်သမားများဖြစ်ခြင်းတို့ကြောင့် လန ၃၉ ကိုပြန်လည်ရုပ်သိမ်း ပြီးလယ်လုပ်ခွင့်ဆုံးရှုံးနေတဲ့ လယ်သမား ၆၁၅ ဦးအား မူလအတိုင်းလယ်မြေများကို ပြန်လည်လုပ်ကိုင် ခွင့်ရရှိအောင် ပြည်ထောင်စုအစိုးရကဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိသိလိုကြောင်းမေးမြန်းအပ်ပါ တယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း

ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင်၏ ကြယ်ပွင့်ပြမေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ဖြေကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြို့နယ်များမှ ခေတ်မီစက်မှုလယ်ယာ စံပြအထူးစိုက်ပျိုးရေးဇုန် လုပ်ကွက်များ ဖော်ထုတ်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ ယခင် ကျင်းပပြီးစီးခဲ့သော လွှတ်တော်အစည်းအဝေးများတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူမှ ၁၉-၈-၂၀၁၁ ရက်စွဲဖြင့်တင်သွင်းသည့်မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမှ ၂၂-၈-၂၀၁၁ ရက်စွဲပါဖြင့်တင်သွင်းသည့်မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်မှ ၂၉-၉-၂၀၁၁ ရက်စွဲဖြင့် မေးမြန်းချက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်မှ ၂၄-၁၁-၂၀၁၁ ရက်စွဲဖြင့်တစ်ကြိမ်၊ ၂၄-၁-၂၀၁၂ ရက်စွဲဖြင့်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် မေးမြန်းချက်နှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြွယ်ခမ်းမှ ၂၀-၃-၂၀၁၂ ရက်စွဲဖြင့် မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် အချက်အလက်ပြည့်စုံစွာဖြင့် ရှင်းလင်းဖြေကြားတင်ပြခဲ့ပြီးဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော မေးခွန်းများအပေါ်တွင် တစ်စုတစ်ပေါင်းတည်းခြုံငုံ၍ ထပ်မံရှင်းလင်းတင်ပြဆွေးနွေးသွားမည်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းတွင်ပါရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြို့နယ်ရှိလယ်ယာမြေများကို ယခင် တပ်မတော်အစိုးရလက်ထက်လွန်ခဲ့တဲ့ နှစ် ၂၀ ခန့် ၁၉၉၈-၉၉ ခု မှစတင်၍ ဒဂုံမြို့သစ် အိမ်ရာစီမံကိန်းမြေအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒဂုံမြို့သစ်အိမ်ရာစီမံကိန်းမြေအဖြစ် အသုံးပြုရန် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုနှင့်တည်ဆောက်ရေးအဖွဲ့ရဲ့ ၂၀-၉-၁၉၈၉ ရက်စွဲပါစာဖြင့် လန-၃၉ ခွင့်ပြုချထားပေးခဲ့ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် စီမံကိန်းဧရိယာအတွင်းပါဝင်သည့် လယ်ယာမြေများအတွက် ၁၉၈၉-၉၀ ခုနှစ်က ထိုစဉ်က ကာလတန်ဖိုးအရ တစ်ဧကလျှင်ကျပ် ၂၀၀၀၀ နှုန်းဖြင့် မြေလျှော်ကြေး၊ နစ်နာကြေးငွေများကို ပေးချေရှင်းလင်းခဲ့ပြီးဖြစ်ကြောင်းသိရှိရပါတယ်။ နောက်ပိုင်းတွင် မူလက ရန်ကုန်မြို့တော်အား အဆင့်မြှင့်တင်ရန်စီမံကိန်းအရ

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနအနေဖြင့် ဒဂုံစက်မှုဇုန်စီမံကိန်း၊ ဘူတာကြီးစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများအဖြစ် ဆောင်ရွက်ရန်ရှိခဲ့သော်လည်း နိုင်ငံတော်၏မြို့တော်သစ် နေပြည်တော်အား လက်ရှိနေရာသို့ ရွှေ့ပြောင်းတည်ထောင်ခဲ့သည့်အားလျော်စွာ အဆိုပါမြေများကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ အသုံးပြုခြင်းမရှိတော့သည့်အတွက် စီမံကိန်းမြေဧရိယာမှာ ကြက်ဆူပင်များနှင့် မြက်တောများ၊ ပလပ်မြေများအဖြစ် တည်ရှိနေခဲ့ခြင်း အပေါ်တွင် နိုင်ငံတော်အတွက် အားထားနိုင်သော ခေတ်မီစက်မှုလယ်ယာ စံပြအထူးစိုက်ပျိုးရေးဇုန်ပေါ်ထွန်းလာစေရေးအတွက် ငွေကြေးအရင်းအနှီးစိုက်ထုတ်လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းရှင်ကြီးများအား တရားဝင်တာဝန်ပေးအပ်အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ ယခင်တပ်မတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် အဆိုပါဒဂုံမြို့သစ် မြို့ပြအိမ်ရာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားခဲ့သည့်မြေနေရာများပေါ်တွင် ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။ အဆိုပါလမ်းညွှန်ချက်အရ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင် ထိုစဉ်က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် မြို့ပြစီမံကိန်းအဖြစ် ဖော်ထုတ်ဆောင်ရွက်နိုင်ခြင်းမရှိတော့သည့် မြေဧရိယာများတွင် ကုမ္ပဏီလုပ်ငန်းရှင်များအား ငွေကြေးရင်းနှီးမြှုပ်နှံပြီး ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန်တိုက်တွန်းညွှန်ကြားဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ဒဂုံမြို့သစ် သုံးမြို့နယ်မှလုပ်ကွက်အလိုက် တာဝန်ပေးအပ်ချက်အပေါ် ခေတ်မီစက်မှုလယ်ယာများပေါ်ထွက်လာရေးအတွက် ငွေကြေးရင်းနှီးမှုများကြီးမားစွာဖြင့် ဧကကွက်၊ ဟက်တာကွက်ကြီးများဖော်ထုတ်ခြင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်း၊ ရေသွယ်မြောင်းကြီးများ ဖောက်လုပ်ခြင်း၊ ရေသွင်းရေထုတ်စနစ်များတည်ဆောက်ခြင်း၊ စက်ကိရိယာများထားသိုရန် ဂိုဒေါင်များနှင့် သီးနှံသိုလှောင်ရုံများတည်ဆောက်ခြင်း၊ သီးနှံမျိုးစေ့အခြောက်ခံစက်များနှင့် သီးနှံမျိုးစေ့ထုတ် ခေတ်မီစက်ကိရိယာများတည်ဆောက်ခြင်း၊ စက်ယန္တရားများဝယ်ယူ၍ရင်းနှီးမြှုပ်နှံမှုများကို တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ယခင်လွန်ခဲ့သည့်နှစ် ၂၀ ခန့်က ၁၉၉၈ ခုနှစ်ကာလက လယ်တစ်ဧက၏တန်ဖိုးမှာကျပ် ၂၀၀၀၀ ခန့်သာရှိသော်လည်း လက်ရှိအခြေအနေမှာ အဆင့်မြင့်လယ်ယာမြေကွက်များပေါ်ထွန်းလာစေရေးအတွက် လုပ်ငန်းရှင်ကြီးများ

အနေဖြင့် တစ်ဧကကျပ်သိန်းဂဏန်းအသီးသီး ကုန်ကျခံစိုက်ပျိုးကြောင်း သိရှိရပါတယ်။ ကုမ္ပဏီ လုပ်ငန်းရှင်များမှ ဒဂုံမြို့သစ်မြို့နယ်များမှ လယ်ယာမြေများအား ခေတ်မီစက်မှုလယ်ယာစံပြ အထူးစိုက်ပျိုးရေးဇုန်အဖြစ်အကောင်အထည်ဖော်လုပ်ကိုင်ခြင်းဖြင့် နှစ်စဉ်မိုးစပါး၊နွေစပါးစိုက်ဧရိယာ တိုးတက်လာစေသည့်အပြင် စပါးတစ်ဧကအထွက်နှုန်းမှာလည်း ပျမ်းမျှတစ်ဧကတင်း ၁၀၀ အထက် သိသိသာသာတိုးတက်ထွက်ရှိပြီး နိုင်ငံတော်၏လယ်ယာကဏ္ဍရွေ့ပြောင်းစံနမူနာအဖြစ် ဆောင်ရွက်နိုင်ခဲ့ ကြောင်းသိရှိရပါတယ်။ လက်ရှိအချိန်တွင် နိုင်ငံတော်၏အဓိကသီးနှံဖြစ်သည့် စပါးသီးနှံစိုက်ပျိုးထုတ် လုပ်မှုတိုးတက်ထွက်ရှိစေရေးအတွက် အထွက်ကောင်းစပ်မျိုးစပါးများကို စမ်းသပ်တိုးချဲ့စိုက်ပျိုးလျက် ရှိရာမှာ ယခုဒဂုံစက်မှုလယ်ယာစံပြ အထူးစိုက်ပျိုးရေးဇုန်တွင် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပူးပေါင်း၍ အထွက်ကောင်းမျိုးကောင်းမျိုးသန့်စပ်မျိုးစပါးများ မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း များကို ပါဝင်ဆောင်ရွက်လျက် နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ထိထိရောက်ရောက် အကျိုးပြုဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ ဒဂုံမြို့သစ်သုံးမြို့နယ်မှာ ခေတ်မီ စက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန် အကောင်အထည်ဖော်မှုအခြေအနေများကို အများပြည်သူ သိရှိနိုင်ရန်အတွက်စံနမူနာယူနိုင်ရန် သတင်းစာ၊ ရုပ်မြင်သံကြားတို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်ပေး လျက်ရှိသည်ကိုလည်း ကျွန်တော်တို့အားလုံး တွေ့မြင်သိရှိရပြီးဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစံပြစက်မှုလယ်ယာဖော်ထုတ်မှုလုပ်ငန်းများကို စံနမူနာအဖြစ် အတုယူပြီးနိုင်ငံတစ်ဝန်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့တွင် ခိုင်ခိုင်မာမာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီကြီးများ၊ စက်မှု လယ်ယာအထူးပြုကုမ္ပဏီကြီးများ အလားတူပေါ်ထွန်းလာစေနိုင်မည်ဖြစ်ပါတယ်။ ခေတ်မီစက်မှု လယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်အဖြစ် ဖော်ထုတ်ရာမှာ လိုအပ်တဲ့ငွေကြေးအရင်းအနှီးနှင့် စက်ယန္တရားများအပြင် လုပ်သားအင်အားစုစည်းဆောင်ရွက်ရာမှာ ဒေသခံတောင်သူလယ်သမား များ၏ လုပ်အားနှင့်လုံလောက်မှုမရှိသဖြင့် မြစ်ဝကျွန်းပေါ်ဒေသအပြင် အခြားဒေသများမှ လယ်ယာ လုပ်သားများလည်း လာရောက်လုပ်ကိုင်လျက်ရှိကြပြီဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း များလည်းပေါ်ထွန်းလာတာဖြစ်ပါတယ်။ ယင်းသို့ ကုမ္ပဏီလုပ်ငန်းရှင်များက ခေတ်မီစံပြစက်မှု လယ်ယာစိုက်ပျိုးရေးအထူးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုမ္ပဏီလုပ်ကွက်၌ ဝင်ရောက်လုပ်ကိုင်ကြသော ဒေသခံတောင်သူများအပါအဝင် အနယ်နယ်အရပ်ရပ်မှ လာရောက် လုပ်ကိုင်ကြသည့် ပြည်သူလူထုအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး မိသားစု

တစ်ဦးချင်းဝင်ငွေတိုးတက်အောင် ထိထိရောက်ရောက်အကောင် အထည်ဖော်ဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉ တွင် နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းစသည့်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရမည်ဟု ပြဋ္ဌာန်းဖော်ပြထားရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် လယ်ယာ စိုက်ပျိုးရေးနိုင်ငံဖြစ်သော မိမိတို့နိုင်ငံအားလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် စက်မှုလယ်ယာစနစ် သို့ကူးပြောင်းနိုင်ရန်အလို့ငှာ နိုင်ငံတော်ဘဏ္ဍာငွေကြေးအရင်းအနှီးစိုက်ထုတ်လုပ်ကိုင်ရန် အကန့် အသတ်ရှိသည့်အတွက် ယခင်တပ်မတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကာလတွင် ကုမ္ပဏီကြီးများအား တာဝန်တစ်ရပ်အနေဖြင့် ဥပဒေနှင့်ညီညွတ်စွာခေတ်မီစက်မှု လယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထိုစဥ်ကမဖွံ့ဖြိုးသေးသည့် ရေမြုပ်လပ်မြေများကို ကုမ္ပဏီများကငွေကြေး အရင်းအနှီးကျပ်သိန်းပေါင်းများစွာ အကုန်အကျခံပြီး စိုက်ထုတ်ရင်းနှီးလုပ်ကိုင်ကြခြင်းကြောင့် ယနေ့ကာလတွင် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများဖြစ်တဲ့ ဧကကွက်၊ ဟက်တာကွက်ကြီးများ ဖော်ထုတ်ခြင်း၊ ကုန်ထုတ်လမ်းများနှင့် ရေသွင်းရေထုတ်မြောင်းများဖောက်လုပ်ခြင်းတို့ကို စက်ယန္တရား အင်အား၊ နည်းပညာကျွမ်းကျင်မှုပညာရှင်များဖြင့် ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန် အဖြစ်ကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ယခင် နှစ် ၂၀ ခန့် ၁၉၉၈ မတိုင်ခင်ကာလက လုပ်ကိုင်ခဲ့ကြတဲ့ လယ်သမားမိသားစုများအနေဖြင့်လည်း ယခု ခေတ်မီစက်မှု လယ်ယာစနစ်ကူးပြောင်းပြီဖြစ်သော လယ်ယာမြေများပေါ်မှာ မိမိတို့ကျွမ်းကျင်တဲ့လုပ်ငန်းအလိုက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းစတဲ့ လယ်ယာလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မိမိတို့လုပ်အားအလျောက် ထိုက်တန်တဲ့လုပ်အားခများရရှိကြပြီး မိသားစုအလုပ်အကိုင်အခွင့်အလမ်း နှင့်ဝင်ငွေများတိုးတက်ရရှိရမည်ဖြစ်ပါတယ်။ ယခုကဲ့သို့ ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေး ဇုန်ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် ဒေသခံပြည်သူလူထုမှ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်များ လက်တွေ့ကျကျ အမှန်တိုးတက်ခံစားနေရပြီဖြစ်သော်လည်း လယ်သမားအချို့မှာ ကုမ္ပဏီများမှ စိုက်ပျိုးထားရှိတဲ့ စိုက်ပျိုးမြေများပေါ်မှာ စိုက်ပျိုးပြီးအပင်များကို ဝင်ရောက်ဖျက်ဆီးခြင်း၊ ပြုပြင်ပြီး မြေများကို ထွန်ယက်ဖျက်ဆီးခြင်းဖြင့် မည်သူမျှ အကျိုးတစ်စုံတစ်ရာမျှမရှိဘဲ လှုံ့ဆော်မှုအဖြစ် ဆောင်ရွက်နေမှုများဟာ ဥပဒေကြောင်းအရ အကာအကွယ်ပေးရန်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မှန်ကန်စွာစိစစ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရပါတယ်။

နိုင်ငံတော်ကို ခေတ်မီစက်မှုလယ်ယာစနစ်ထူထောင်နိုင်ရေး တောင်သူလယ်သမားများအပါအဝင် အခြေခံလူတန်းစားများ တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး စားဝတ်နေရေးဖူလုံစေရေးအတွက် ရှေ့ပြေး ရင်းနှီးမြှုပ်နှံဆောင်ရွက်ထားရှိသူများအပေါ် ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်မှသာလျှင် နောင်လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသူများအနေဖြင့် စိတ်ချယုံကြည်စွာ လုပ်ကိုင်ကြမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုတိုးတက်ပေါ်ထွက်လာနိုင်စေမှာဖြစ်ပါတယ်။ နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေတဲ့ မိမိတို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်နှင့် တောင်သူလယ်သမားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်အတွက် အဓိကအခြေခံဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် နိုင်ငံတကာကဲ့သို့ ခေတ်မီလယ်ယာစနစ် ပီပြင်စွာပေါ်ထွန်းလာအောင် လက်တွေ့ကျကျ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း အခြေခံအထူးလိုအပ်ချက်ဖြစ်နေပါတယ်။ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပဲ နိုင်ငံတော်ရဲ့လယ်ယာကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ငန်းရှင်များအပါအဝင် တောင်သူလယ်သမားများနှင့်အတူ လက်တွဲကြပြီး ယနေ့ခေတ်စားနေတဲ့ Public Private Partnership ပုံစံနဲ့ ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းအားဖြင့် အခြားအိမ်နီးချင်းနိုင်ငံများနည်းတူ လယ်ယာလုပ်ငန်းတွင်သာမက တစ်နိုင်ငံလုံး ရေမြင့်လျှင် ကြာတင့်သကဲ့သို့ မျှဝေခံစားတိုးတက်လာစေမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ ဖွဲ့စည်းထားပြီး ယင်းဥပဒေပုဒ်မ ၂၈၄ အရ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ခိုင်မာစွာဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ ဒေသအတွင်း ပေါ်ပေါက်လာတဲ့ကိစ္စရပ်များအား အောက်ခြေမြေပြင်ပကတိအခြေအနေမှန်အတိုင်းဥပဒေနှင့်အညီ စိစစ်ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးက ပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေဥပဒေကို နိုင်ငံတော်သမ္မတက ၃၀-၃-၂၀၁၂ ဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းလယ်ယာမြေ ဥပဒေအရ လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ၂-၅-၂၀၁၂ ရက်စွဲပါစာအမှတ်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာနဦးဆောင်ပြီး အဖွဲ့ဝင် ၁၆ ဦး ပါဝင်ဖွဲ့စည်းထားတဲ့ နည်းဥပဒေများရေးဆွဲရေးလုပ်ငန်းကော်မတီ

အနေဖြင့် လယ်ယာမြေနည်းဥပဒေများကို ရေးဆွဲပြုစုနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများ မူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားအကြံပြုချက်ရယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိ၍ မကြာမီကာလအတွင်းမှာ လယ်ယာမြေနည်းဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်တော့မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ယခုမေးခွန်းနှင့်စပ်လျဉ်း၍ အလားတူမေးခွန်းများကို ယခင်လွှတ်တော်အစည်းအဝေးများတွင် ပြည့်စုံစွာရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါကိစ္စရပ်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေနှင့် ပေါ်ပေါက်လာမည့်နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စွာဖြင့် မြေပြင်ပကတိအခြေအနေမှန်များပေါ်မူတည်၍ နိုင်ငံတော်၏ အမျိုးသားရေး ရေရှည်အကျိုးစီးပွားအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကွင်းဆင်းစိစစ်စစ်ဆေး ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံတော်၏ စားနပ်ရိက္ခာစီမံခန့်ခွဲမှုကို မည်သို့စီမံဆောင်ရွက်ထားရှိသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ နိုင်ငံတော်အတွင်းမှာ စားနပ်ရိက္ခာ ဖူလုံရေးနှင့်ပတ်သက်ပြီးတော့ စီမံခန့်ခွဲထားရှိမှုနှင့်ပတ်သက်လို့ မေးမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံဆန်အိုးထဲမှာ ပြည်သူကိုကျွေးဖို့ ဆန်ဘယ်လောက်ရှိလဲဆိုတာ မေးတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ မေးမြန်းတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံမှာ ယနေ့ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် ပြည်သူဟာ အလုပ်အကိုင်ရှားပါးပြီးတော့ စီးပွားရေးကြပ်တည်းနေပါတယ်။ နိုင်ငံအတွင်းမှာ ဆန်အိတ်ထောင်ပြီး စားနိုင်တဲ့လူ အတော်ရှားပါတယ်။ နေ့စဉ် ဗူးနဲ့ပြည်နဲ့ ဝယ်စားနေတဲ့ပြည်သူဟာ အများစုဖြစ်ပါတယ်။ ဒီပြည်သူတွေရဲ့စိတ်ထဲမှာ နေ့စဉ် ဝယ်စားနေရတဲ့ဆန် နိုင်ငံတော်မှာ လုံလောက်မှုရှိ၊ မရှိ သူတို့ဘဝရဲ့ စားရေးအတွက် ပူပင်စရာရှိ၊ မရှိ သိလိုကြပါတယ်။ ဒါကြောင့် မေးမြန်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်

အတွင်းမှာရှိတဲ့ ပြည်သူက နေ့စဉ်စားသုံးနေတာ ဆန်ဖြစ်ပါတယ်။ နေ့စဉ်မပြတ်စားသုံးနေရလို့သာ သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူရရှိနေလို့သာ တည်ငြိမ်နေတာဖြစ်ပြီးတော့ ဈေးနှုန်းတွေ အဆမတန်မြင့်တက်လာမယ်၊ ဝယ်ယူဖို့အတွက် ရှားပါးခက်ခဲလာမယ်ဆိုရင်တော့ အေးချမ်းတည်ငြိမ်မှုကို အတိုင်းအတာတစ်ခုအထိ ထိခိုက်နိုင်မှာ ဖြစ်ပါတယ်။ အခြားကိစ္စတွေမှာ မှားယွင်းအားနည်းတာ ပြဿနာမရှိပေမယ့် ဒီကိစ္စမှာတော့ အမှားမခံတဲ့ကိစ္စဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကျွန်တော်တို့နိုင်ငံလိုပဲ အရန်ဆန်တွေထားကြပါတယ်။ အစိုးရအဆက်ဆက်ကလည်း နိုင်ငံမှာ အရန်ဆန်ထားခဲ့ပါတယ်။ ယနေ့လည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အထူးကြိုးပမ်းဆောင်ရွက်နေတာကို ကြားသိရပါတယ်။ ဒီနေရာမှာတစ်ခု သတိပြုစေလိုတာကတော့ ၁၉၈၁ ခုနှစ်မှာ မြစ်ဝကျွန်းပေါ်မှာ တာဝန်ကျပါတယ်။ မြို့နယ်ကောင်စီရုံးမှာ နေရပါတယ်။ ရုံးမှာရှိတဲ့ လယ်စိုက်ဧကအထွက်နှုန်း အပိုအလျှံစပါးစာရင်းဟာ အားကျစရာဖြစ်ပါတယ်။ ဒီအချိန်မှာ အပေါ်ကနေပြီးတော့ စပါးဧကတိုးစိုက်ဖို့ဆို ကိန်းဂဏန်းထဲမှာ တိုးလိုက်ပါတယ်။ အထူးအထွက်တိုးအနေနဲ့ တစ်ဧကမှာ ဘယ်လောက်ထွက်ရမယ် ပြောရင်လည်း တိုးလိုက်ပါတယ်။ ဒါကြောင့် နောက်ဆုံးမှာတော့ ထွက်လာတဲ့အရန်ဆန် ပမာဏဟာ အလွန်များပြားလာပါတယ်။ ဒီလိုနဲ့ပဲ နိုင်ငံတော်ကနေပြီးတော့ နိုင်ငံခြားတင်ပို့ဖို့လိုတဲ့အခါမှာ ပိုလျှံတဲ့ဆန်တွေကို ရန်ကုန်ပို့ခိုင်းလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့မြို့မှာ ဆန်မရှိတော့ပါဘူး။ ဒါမျိုးက အမှန်တကယ်ကြုံတွေ့ခဲ့တဲ့အတွက်ကြောင့် နိုင်ငံတော်ကနေပြီးတော့ တကယ်ဆောင်ရွက်သော်ငြားလည်း အောက်ခြေမှာ လူကြီးကြိုက်ကိန်းဂဏန်းတွေနဲ့ တင်ပြနေမယ်ဆိုရင်တော့ ဖြစ်နိုင်တာကို ဂရုပြုဖို့ဖြစ်ပါတယ်။ ယနေ့ ကမ္ဘာမှာ ဆန်ရောင်းချမှုကို လေ့လာလျှင် ထိုင်းနိုင်ငံက ပြီးခဲ့တဲ့နှစ်က ၆.၅ သန်းအထိ ရောင်းခဲ့ပါတယ်။ ဒီနှစ်မှာတော့ ၃၉ ရာခိုင်နှုန်းကျဆင်းတယ်လို့ သိရပါတယ်။ အလားတူပဲ ဗီယက်နမ်နိုင်ငံဟာ ယနေ့ ထိုင်းနိုင်ငံကို ကျော်လွန်ပြီးတော့ ရောင်းချလာ တာတွေ့ရပါတယ်။ ဒီအချိန်မှာပဲ အိန္ဒိယနိုင်ငံဟာ ပြီးခဲ့တဲ့နှစ်က ၆.၈ သန်းတန်ချိန်ရောင်းခဲ့ပါတယ်။ ယနေ့ ၇ သန်းထိ ရောင်းတဲ့အတွက်ကြောင့် နောင်လာမယ့်အနာဂတ်မှာ အိန္ဒိယဟာဆန်တင်ပို့မှု အများဆုံးဖြစ်လာမယ့်နိုင်ငံဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံကို လေ့လာရင် ဒီနေ့ ဆန်အထွက်နှုန်းဟာ တန်ချိန် ၁၀၃ တန် ထွက်ပါတယ်။ ပြည်သူလူထုစားသုံးဖို့အတွက် အရန်ဆန်အနေနဲ့ ၅၃.၄ သန်းထားရှိတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံကို လေ့လာရင် ပြည်ပပို့ကုန်ပို့တဲ့အချိန်မှာ လယ်ယာထွက်ကုန်က ၅၄.၆ ရာခိုင်နှုန်း၊ သစ်တောထွက်ကုန်က ၂၄.၇ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက်ကုန်က ၁၄.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ အများဆုံးတင်ပို့နေတာ လယ်ယာထွက်ကုန်များ ဖြစ်တာကို

တွေ့ရမှာဖြစ်ပါတယ်။ သာမန်အားဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အခြေခံဖြစ်တဲ့ဆန်ကို တစ်ဦး ကျစီစားသုံးခွင့်နှင့် ထုတ်လုပ်နိုင်စွမ်းမှာ ယနေ့ အချိုးအစားပြည့်မီနေပါသေးတယ်။ ဘာဖြစ်လို့လဲဆို တော့ လယ်ယာစိုက်ပျိုးရေးမလုပ်ဘဲနှင့် သင့်ရာလုပ်ကိုင်ပြီးတော့ ဆန်ဝယ်စားတဲ့ လူဦးရေရာခိုင်နှုန်း က နိုင်ငံတော်မှာ ၃၀ ရာခိုင်နှုန်းပဲရှိပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး လုပ်ကိုင်နေတဲ့ ရာခိုင်နှုန်းက ၇၀ ရာခိုင်နှုန်းအထိ ရှိနေလို့ဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံဟာအနာဂတ်မှာ စက်မှုနိုင်ငံအဖြစ် ပြောင်းလဲလာရင်တော့ ဒါဟာစိုးရိမ်စရာဖြစ်ပါတယ်။ မမျှော်လင့်တဲ့ ရာသီဥတု ဖောက်ပြန်မှုနှင့် ကြုံတွေ့တဲ့အခါမှာဖြစ်စေ၊ မမျှော်လင့်တဲ့ဈေးနှုန်းအပြောင်းအလဲတွေကြောင့် ဖြစ်ပေါ် လာမယ့် အကျိုးဆက်တွေကို လျှော့ချနိုင်ဖို့ဖြစ်စေ၊ နိုင်ငံတိုင်းမှာ အခုတင်ပြခဲ့တဲ့ အရန်ဆန်တွေ ထားကြပါတယ်။ ဒီအထဲမှာ ဆန်ဈေးတွေတက်လာတဲ့အခါမှာ အရန်ဆန်ကို ထုတ်နုတ်ပြီးတော့ ပြည်သူကို ရောင်းချပါတယ်။ သီးနှံဈေးတွေကျတဲ့အချိန်မှာ နိုင်ငံတော်ရဲ့အရန်ဆန်အဖြစ် ဖြည့်တင်း ကြပါတယ်။ အားလုံးဟာ စားနပ်ရိက္ခာဖူလုံဖို့လုပ်ခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ပြန်လေ့ လာရင် ဆည်မြောင်းနှင့်ပတ်သက်လို့ လွန်ခဲ့သောနှစ်ပေါင်း ၉၆၇ ခုနှစ်က အနော်ရထာမင်းစောဟာ စလုပ်ပါတယ်။ အလားတူပဲ လယ်ယာစစ်တမ်းကို ဒုတိယမြန်မာနိုင်ငံတော် သာလွန်မင်းတရားကြီးက စလုပ်ပါတယ်။ သို့သော် ဒီအချိန်အထိ ဆန်စပါးတင်ပို့တာ၊ သိုလှောင်တာမရှိပါဘူး။ မြန်မာနိုင်ငံကို ဗြိတိသျှသိမ်းပိုက်ပြီးတဲ့နောက်ပိုင်း လယ်ဧက ၁၈၃၀ ပြည့်နှစ်လောက်မှာ ၆၆၀၀၀ ဖြစ်ပါတယ်။ ဒီကနေပြီးတော့ နိုင်ငံခြားတင်ပို့မှုစတင်လာပြီးတော့ ၁၉၄၀ ပြည့်နှစ်မှာ လယ်ဧက ၁၂၅၁၈၄၉၉ ဧက စိုက်ပျိုးပါတယ်။ စပါးထွက်နှုန်းကို လေ့လာရင် ကိုလိုနီခေတ်က ၂၉ တင်း၊ ဒုတိယကမ္ဘာစစ်အပြီးမှာ ၂၈ တင်း၊ ၁၉၅၀နှင့် ၁၉၆၀ ဝန်းကျင်မှာ ပြည်တော်သာစီမံကိန်းနှင့် အရှိန်မြှင့်တင်လိုက်တဲ့အတွက် ကြောင့် စပါးထွက်နှုန်းဟာ ၃၃တင်းဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်ချိန်မှာ ၃၁.၁၆ တင်း၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလကနေပြီးတော့ ၁၉၆၄ ခုနှစ်၊ မတ်လအတွင်းမှာ အဲဒီခေတ်က အုန်းတော၊ ပုပ္ပား၊ ခပေါင်းစတဲ့ နှီးနှောပွဲတွေနဲ့ တွန်းအားပေးတဲ့အခါမှာ လယ်ဧက၊ စိုက်ဧကတိုးတက်မှု တွေဟာ တစ်ဧကမှာ ၄၀/၅၀ အထိ တက်လာပါတယ်။ ယနေ့နိုင်ငံတော်မှာ ၈၀ အထိ တက်လာပါ တယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ မေးလိုတဲ့မေးခွန်းက လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန် မြှင့်တင်နေတာကို သိပါတယ်။ စပါးထွက်နှုန်းမြှင့်တင်ရေးအတွက် ဆောင်ရွက်နေတာကို သိပါတယ်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပို့ကုန်မြှင့်တင်ရေးအတွက်ကို ဆန်ကိုအဓိကထားပြီး တော့ တန်ချိန်သန်းနှင့်ချီပြီးပို့ဖို့အတွက် ဆောင်ရွက်နေတာလည်း သိရပါတယ်။ ဒီလိုဝင်ငွေများများ

တိုးတက်ဖို့အတွက် ဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်သူစိုးရိမ်နေတဲ့ စားနပ်ရိက္ခာဖူလုံမှုနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရအနေနဲ့ မဟာဗျူဟာမြောက် မည်သို့ဆောင်ရွက်ထားတာကို သိရှိလိုတဲ့အတွက်ကြောင့် မေးမြန်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ နိုင်ငံတော်အနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်လျက် ဆန်စပါးထွက်ရှိမှု တိုးတက်မြင့်မားရေးဆောင်ရွက်လျက် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပို့ကုန်မြှင့်တင်ရေး Export Promotion Policy အရ ဆန်ကို ပြည်ပသို့ တန်ချိန်သန်းနှင့်ချီ၍ တင်ပို့ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ထိုသို့ဝင်ငွေတိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့နည်းတူ တစ်ဖက်မှလည်း နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် နိုင်ငံတော်၏ စားနပ်ရိက္ခာစီမံခန့်ခွဲမှု (Food Management) ကို မဟာဗျူဟာမြောက် မည်သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ဖြေကြားပေးပါရန် မေးခွန်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အခုလို မေးမြန်းပေးတဲ့ ဦးတင်မောင်ဦးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း၊ ဈေးကွက်ဝင်သည့် သီးနှံမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆန်စပါးကဏ္ဍတွင် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အထူးအထွက်တိုးစပါးမျိုးများကို တောင်သူလယ်သမားများ မျိုးစေ့အလွယ်တကူရရှိစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်၍ စနစ်တကျ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ တောင်သူလယ်သမားများ မျိုးချန်၍ မျိုးထားစိုက်ပျိုးနိုင်တဲ့ အခြားအထွက်ကောင်းမျိုးစပါးဖြစ်တဲ့ ပေါ်ဆန်း၊ ရွှေသွယ်ရင်၊ ကျော်ဇေယျ၊ ဆင်းသွယ်လှ၊ ဧရာမင်းစတဲ့စပါးမျိုးများကိုလည်း မျိုးသန့်အဖြစ်နဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မိဘမျိုးစေ့၊ ဆင့်ပွားမျိုးစေ့၊ မျိုးသန့်မျိုးပွားစေ့၊

စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့များကို ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စနစ်တကျ စီမံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း စပါးမျိုးများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန်အတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ GAP စနစ်ကျင့်သုံး၍ စံပြကွက်များစိုက်ပျိုးကာ တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စိုက်ပျိုးမွေးမြူရေး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် တောင်သူလယ်သမားများကို ဖိတ်ခေါ်ပြသခြင်း၊ နည်းပညာပြန့်ပွားရေးဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများသို့ အနီးကပ်ကူညီပေးခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများရဲ့ အရည်အသွေး တိုးတက်မြင့်မားစေရေးနှင့် လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရေးတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူများရဲ့ တစ်နေ့တာစားသုံးမှုအပေါ် အခြေခံပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းတွင် ဆန်ဈေးနှုန်းကျဆင်းပါက တောင်သူများအခက်အခဲနှင့်ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ တောင်သူများအတွက် အထောက်အကူရရှိစေရန် ဆန်စပါးကို အရန်ရိက္ခာဆန်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကြိတ်ခွဲရာမှာ ဆန်ပိုမို ထွက်ရှိနိုင်ရေးအတွက် ခေတ်မီဆန်စက်များ ထူထောင်ရေးကို ပုဂ္ဂလိကကဏ္ဍနဲ့ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ဆန်ပြည်ပတင်ပို့မှုကို တန်ချိန် ၂ သန်းမှ ၃ သန်းထိ တိုးတက်တင်ပို့သွားနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ Reform Strategy များဖြင့် ဆောင်ရွက်သွားလျက်ရှိပါတယ်။ ပဥ္စမကာလတို ၅ နှစ်စီမံကိန်းကာလရဲ့ ဒုတိယနှစ်ဖြစ်တဲ့ ယခု ၂၀၁၂-၂၀၁၃ ခုနှစ်မှာ စပါးကို ဧက ၁၉.၃၁ သန်း စိုက်ပျိုးသွားရန် ရည်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဧက ၁၉.၄၆ သန်း တိုးတက်စိုက်ပျိုးသွားရန် ရည်မှန်းထားပါတယ်။ စပါးထွက်ရှိမှုမှာလည်း ၂၀၁၂-၂၀၁၃ ခုနှစ်မှာ တင်းသန်းပေါင်း ၁၅၆၅ ကျော်ထွက်ရှိရန် ရည်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ တင်းသန်းပေါင်း ၁၆၁၃ ကျော်ထွက်ရှိရန် ရည်မှန်းထားပြီး စီးပွားရေးစီမံကိန်းကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နိုင်ငံတော်၏ ဆန်စပါးမူဝါဒမှာ မြန်မာနိုင်ငံတွင် နောင်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ ကို စားနပ်ရိက္ခာဖူလုံပြီးသည့်အပြင် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နိုင်ရန် ဆန်စပါးမူဝါဒချမှတ်ထားပါတယ်။ ဤမူဝါဒနှင့်အညီ ဆန်စပါးအထွက်တိုးရေးကို အလေးထား

ဆောင်ရွက်လျက်ရှိပြီး ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနများ၊ ဆန်စပါးနှင့် သက်ဆိုင်သည့် အသင်းအဖွဲ့များ၊ ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချ လျက်ရှိတဲ့ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် Public, Private, Partnership (PPP) ပုံစံဖြင့် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါတယ်။ ဆန်စပါးဟာ ဈေးကွက်ဝယ်လိုအား ကောင်းမွန်ပြီး အလား အလာကောင်းတဲ့ ပို့ကုန်အမယ်ဖြစ်တဲ့အတွက် ပြည်ပပို့ကုန်ဝင်ငွေတိုးတက်ရရှိနိုင်ဖို့ ပို့ကုန်မြှင့်တင် ရေး Export Promotion Policy အရ ဆန်ကို ပြည်ပသို့ တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည့် နည်းတူ အခြားတစ်ဖက်မှာလည်း နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေဖို့အတွက် ကုန်သွယ်မှု မူဝါဒနှင့်အညီ ပြည်တွင်းစားသုံးမှုပိုလျှံမှသာ ပြည်ပပို့ကုန်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပို့ ခွင့်ပြုပေးလျက် ရှိပါတယ်။ နိုင်ငံတော်တွင် တောင်သူလယ်သမားများ ဆန်စပါးမှ ဝင်ငွေပိုမိုတိုးတက် ရရှိစေရန် ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပြီး အရည်အသွေးကောင်းဆန်များ ရောင်းချနိုင်ရန် လိုအပ်မည် ဖြစ်ပါတယ်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီဆန်စက်ကြီးများ၏ အခန်းကဏ္ဍမှ အရေးပါ ကြောင်း တွေ့ရှိရပါတယ်။ ယခင်က စပါးကြိတ်ခွဲရာမှာ Stone Roller များကို သုံးစွဲခဲ့သဖြင့် ဆန်ထွက် ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းအောက်သာရရှိပြီး ယခု Rubber Roller များဖြင့် ကြိတ်ခွဲခြင်း၊ Colour Sorter များဖြင့် ခွဲခြားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဆန်အကျိုးအကြေနည်းခြင်း၊ အထွက်နှုန်း ပိုမိုခြင်းတို့ကြောင့် ဆန်အထွက်ရာခိုင်နှုန်း ၆၀ နှင့်အထက် တိုးတက်ထွက်ရှိလာမည် ဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်မှာလည်း အရည်အသွေးကောင်းတဲ့ ဆန်များကို တင်ပို့နိုင်မည်ဖြစ် ကြောင်း သိရှိရပါတယ်။ ယင်းအချက်များအရ ခေတ်မီဆန်စက်များ ပြောင်းလဲခြင်းအားဖြင့် ဆန်အရည် အသွေးနှင့် ဆန်ထုတ်လုပ်မှုကို တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ပြီး နိုင်ငံတော်၏ စားနပ်ရိက္ခာ ဖူလုံမှုအား ကြီးမားသော အထောက်အပံ့ဖြစ်ပေါ်စေမည် ဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍမှ နိုးကြားစွာပါဝင် နိုင်ရေး စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယင်းအချက်များအပေါ် အခြေခံပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မဟာဗျူဟာမြောက် ဆောင်ရွက် လျက် ရှိကြောင်းတင်ပြအပ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအစိုးရ မြန်မာနိုင်ငံဆန်စပါးအသင်းနှင့် ဗဟို သမဝါယမအသင်းတို့မှ ပြည်တွင်းဈေးကွက်မှာ ဆန်ပြတ်လပ်မှု မဖြစ်ပေါ်စေဘဲ ဖူလုံမှုရရှိစေရေး အတွက် နိုင်ငံတော်အရန်ဆန်အနေနဲ့ မိုးစပါး၊ နွေစပါးများကို တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူကာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့နောက် ဆန်စပါးကို ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက်ပါ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ စိုက်

ပျိုးထုတ်လုပ်မှုအဆင်ပြေစေရေးအတွက် ဆန်အထူးပြုကုမ္ပဏီများ ဖွဲ့စည်းပြီး သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာပိုးသတ်ဆေးတို့ကို တောင်သူလယ်သမားများအတွက် ထောက်ပံ့ပေးခြင်း၊ အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်များ ထုတ်ချေးခြင်း၊ အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းတဲ့ မျိုးစပါးတွေကို ထုတ်လုပ်နိုင်ဖို့အတွက် ဆန်အထူးပြုကုမ္ပဏီများနှင့် အကျိုးဆောင်တောင်သူများပူးပေါင်း၍ စမ်းသပ်စိုက်ပျိုးထုတ်လုပ်တာတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာလည်း တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားတဲ့ အထူးအထွက်တိုး စပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်ရာမှာ ဆန်စပါးအထူးပြုကုမ္ပဏီများက ဈေးကွက်ခိုင်မာမှုနှင့် ဈေးကွက်အလားအလာအရ တင်း ၁၀၀ လျှင် အာမခံဈေး ကျပ် ၄၀၀၀၀၀ သိန်းဖြင့် ဝယ်ယူရန်နှင့် အထွက်တိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ကြိုတင်ငွေများ ထုတ်ချေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော် အစိုးရဘက်မှလည်း တောင်သူများအတွက် တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေမှ ၂၀၁၁ ခုနှစ် မိုးချေးငွေများကို တောင်သူလယ်သမားဦးရေ ၁.၄၂ သန်းအား ချေးငွေကျပ်သန်း ၁၇၇၉၃၈.၄၀ ထုတ်ချေးခဲ့ပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားများ၏ စပါးစိုက်ပျိုးစရိတ်အား ယခင်က တစ်ဧက ကျပ် ၂၀၀၀၀ ဖြင့် ချေးပေးခဲ့ရာမှ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်အရင်းအနှီးပိုမိုရရှိစေရန် နိုင်ငံတော်အနေနဲ့ နှစ်ဆတိုးမြှင့်ပြီး ယခု ၂၀၁၂-၂၀၁၃ ခုနှစ်မှာ လယ်သမားစပါးတစ်ဧကလျှင် ကျပ် ၅၀၀၀၀ ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ပြီး ထုတ်ချေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံရဲ့ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးကို ပဉ္စမကာလတို ငါးနှစ်စီမံကိန်းမှာ ရည်မှန်းထားတဲ့ တိုးတက်မှုနှုန်းထက်သုံးဆမျှ တိုးတက်အောင်ဆောင်ရွက်နိုင်မယ်လို့ ရည်မှန်းထားပါတယ်။ ယင်းတိုးတက်ခြင်းမှ ပြည်သူတစ်ဦးချင်းရဲ့ ဝင်ငွေကိုပါ နှစ်ဆသုံးဆအထိ တိုးတက်လာစေနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရဲ့အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်တဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်း ဖြစ်တည်လာစေဖို့ နည်းလမ်းသစ်များ၊ နည်းပညာအသစ်များ ရှာဖွေဆောင်ပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ညောင်ရွှေမြို့နယ်၊ ကျွန်းတောင်မှ မောက်မယ်အထိ ၈၈ မိုင်ရှည်သောလမ်းမကို ပြည်ထောင်စုလမ်းအဖြစ်ဖောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ(ဟိုပုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးကို ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် ကျွန်းတောင်-ကျောက်တစ်လုံး-ဆိုက်ခေါင်-ဟိုနမ့်-မောက်မယ်လမ်းဟာလင်းခေးခရိုင်၊ လွယ်လင်ခရိုင်၊ တောင်ကြီးခရိုင်တို့မှ နေပြည်တော်သို့ ဆက်သွယ်ရာမှာ အတိုဆုံးလမ်းဖြစ်ပါတယ်။ ၎င်းလမ်းမအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုသော လမ်းမကြီးတစ်သွယ်လည်း ဖြစ်တဲ့အပြင် နိုင်ငံတော်မှ ရည်မှန်းဖောက်လုပ်လျက်ရှိတဲ့ ခရိုင်ချင်းဆက်လမ်းဖြစ်ပါတယ်။ ကျွန်းတောင်မှ ကျောက်တစ်လုံးအထိ ကတ္တရာလမ်းဖြစ်သော်လည်း လမ်းကျဉ်းခြင်း၊ တံတားများမခိုင်ခံ့ခြင်းတို့ကြောင့် ကားကြီးများ၊ ကုန်တင်ယာဉ်များမသွားလာနိုင်ပါ။ ၎င်းလမ်းဟာ အချို့နေရာမှာ နတလနှင့်ပြည်သူပူးပေါင်း၍ ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပြီး အချို့နေရာမှာ ပြည်သူများ ကိုယ့်အားကိုယ်ကိုးထိန်းသိမ်းပြုပြင်လျက်ရှိရာ ယခုအခါလမ်းအူကြောင်းသဖွယ် ကျွန်းတောင်-ကျောက်တစ်လုံး-ဆိုက်ခေါင်-ဟိုနမ့်-မောက်မယ် အထိ ၈၈ မိုင်ရှိပါတယ်။ အဆိုပါလမ်းကို အဆင့်မြှင့်တင် ကတ္တရာလမ်းခင်းပေးခြင်း ဆောင်ရွက်နိုင်ပါက အောက်ပါအကျိုးကျေးဇူးများရရှိနိုင်မှာဖြစ်ပါတယ်။ (က) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိစေနိုင်ခြင်း၊ (ခ) ဘိန်းစိုက်ပျိုးမှုပပျောက်စေနိုင်ခြင်း၊ (ဂ) မြေပေါ်၊ ရေပေါ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်း ပိုမို လုပ်ကိုင်စေနိုင်ခြင်း၊ (ဃ) မြေပေါ်မြေအောက်သယံဇာတပေါများကြွယ်ဝသော ဒေသဖြစ်၍ နိုင်ငံတော်အတွက်အကျိုးဖြစ်ထွန်းစေနိုင်ခြင်း (င) လူဦးရေပျံ့နှံ့မှုညီမျှပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ခြင်းတို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းကို ပြည်သူ့ဆောက်လုပ်ရေးလမ်းမအဖြစ်လည်းကောင်း၊ ပြည်ထောင်စုလမ်းမအဖြစ်လည်းကောင်း ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်မည့်အစီအစဉ်ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ

ဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ မေးမြန်းထားတဲ့ ကျွန်းတောင်-ကျောက်တစ်လုံး-ဆိုက်ခေါင်-ဟိုနမ့်-မောက်မယ် လမ်းအား ချဲ့ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ကတ္တရာခင်းပေးခြင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းမအဖြစ်သို့လည်းကောင်း၊ ပြည်ထောင်စုလမ်းအဆင့်အဖြစ်သို့လည်းကောင်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်နှင့် လင်းခေးခရိုင်ကို ဆက်သွယ်ထားတဲ့လမ်းပေါ်မှာရှိတဲ့ ကျွန်းတောင်-ကျောက်တစ်လုံး-ဆိုက်ခေါင်-ဟိုနမ့်-မောက်မယ် လမ်းဟာ အရှည် ၈၈ မိုင် ၁ ဖာလုံရှိပါတယ်။ ဒီလမ်းအပိုင်းရဲ့ လွိုင်ဆောင်-ဆိုက်ခေါင်အပိုင်း ၉ မိုင် ၁ ဖာလုံကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ လမ်းအပိုင်းဖြစ်ပါတယ်။ ဒီလမ်းအပိုင်းကိုလည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ်သိမ်းသွင်းဖို့ ပြည်ထောင်စုအစိုးရကို တင်ပြထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာတော့ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ပဲ ဒီလမ်းတံတားများကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ ဒီလမ်းဟာ ရှမ်းပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲတဲ့လမ်းဖြစ်တာကြောင့် ရှမ်းပြည်နယ်ရဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနဲ့ လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေရဲ့ တင်ပြချက်အရ ဒီလမ်းကြီးကို ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲတဲ့လမ်းအဖြစ်လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင်လမ်းစာရင်းတွင် ပါဝင်ထည့်သွင်းပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများတောင်းခံပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ညောင်တုန်းလမ်းမကြီးအားပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်ကိုယ်စား ဦးတင်မောင်ဝင်းမှ မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊

စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သကါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၏ကိုယ်စား ကြယ်ပွင့်ပြ မေးခွန်းများအား ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ညောင်တုန်းလမ်းမကြီးဘေးရှိ ဆည်မြောင်းအိမ်ရာရှေ့ မိုင်တိုင်အမှတ် ၁ မိုင် ၄ ဖာလုံမှ စနေမမှတ်တိုင် မိုင်တိုင်အမှတ် ၂ မိုင် ၆ ဖာလုံကြားရှိ ညောင်တုန်းလမ်းမကြီးမှာ ကတ္တရာလမ်းဖြစ်ပြီး ယခုအခါ ကတ္တရာများပေါက်ပြဲပျက်စီး၍ တချို့နေရာများတွင် ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်နေသည်မှာ ၁ နှစ် နီးပါးခန့်ကြာမြင့်နေပြီဖြစ်ပါတယ်။ ယင်းလမ်းပိုင်းအား သက်ဆိုင်ရာ ဝန်ကြီးဌာနမှ BOT စနစ်ဖြင့် အေးရှားဝေါလ်ကုမ္ပဏီသို့ ကန်ထရိုက်ပေးထားသည်ဟုလည်း သိရပါတယ်။ ခရီးသွားယာဉ်ကြီးယာဉ်ငယ်များအနေဖြင့် ညောင်တုန်းလမ်းမကြီးမှ အောင်ဇေယျ တံတားသို့ဖြတ်သန်းမောင်းနှင်ရာတွင်လည်းကောင်း၊ အောင်ဇေယျတံတားအား ဖြတ်သန်း၍ ညောင်တုန်းလမ်းမကြီးအတိုင်း မောင်းနှင်ရာတွင်လည်းကောင်း တံတားအနီးတိုးဂိတ်တွင် တံတား ဖြတ်သန်းခအဖြစ် ယာဉ်ငယ်တစ်စီးလျှင် ၁၅၀ ကျပ်ကို လွန်ခဲ့သော ၁ နှစ်ခန့်မှစတင်၍ ကောက်ခံခဲ့ သော်လည်း ညောင်တုန်းလမ်းမကြီးအား စနစ်တကျ သေချာစွာပြုပြင်ခြင်းမရှိခဲ့ပါ။ လွန်ခဲ့သည့် ၂ လ လောက်ကမှ ချိုင့်ခွက်များကို သဲနှင့်ကျောက်ညှပ်ပြီး အဖြစ်သဘောသာပြုပြင်ခဲ့ပါတယ်။ ယခုအခါ သဲနှင့်ကျောက်များမှာ ကားဘီးများယက်သဖြင့် လွင့်စင်ထွက်ကုန်ပြီး မူလပျက်စီးနေသည့်လမ်း အတိုင်းပြန်လည်ဖြစ်ပေါ်နေပါတယ်။ လမ်းများပေါက်ပြဲနေသဖြင့် ခရီးသည်များ ခရီးလမ်းကြမ်းတမ်း စွာစီးနင်းရခြင်း၊ လမ်းများပေါက်ပြဲနေသည့်အပြင် ချိုင့်ခွက်များရှိနေခြင်းကြောင့် ယာဉ်တိမ်းမှောက်မှု အန္တရာယ်များဖြစ်ပေါ်နိုင်ခြင်း၊ မကြာမီကာလအတွင်း မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်၍ မိုးရာသီတွင် ယင်းလမ်းမကြီးအနေနှင့် ပိုမိုဆိုးရွားလာနိုင်ပါတယ်။ ဒေသခံခရီးသွားလုပ်သားပြည်သူ များအနေဖြင့် မိုးရာသီမရောက်မီ အဆိုပါ ညောင်တုန်းလမ်းမကြီးလမ်းပိုင်းအား ပြုပြင်ပေးရန် လိုလားတောင့်တလျက်ရှိပါတယ်။ ဒါကြောင့် ဒေသခံများရဲ့ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအားမေးမြန်း အပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ညောင်တုန်းလမ်းမကြီးလမ်းပိုင်း မိုင်တိုင်အမှတ် ၁ မိုင် ၄ ဖာလုံမှ မိုင်တိုင်အမှတ် ၂ မိုင် ၆ ဖာလုံကြားအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊

မရှိနှင့် ပြုပြင်ပေးရန် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**[ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်ကိုယ်စား ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းမှ ပြည်သူ့လွှတ်တော်သို့ တင်ပြထားတဲ့ မေးခွန်းကို မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းမှ မေးမြန်းသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ညောင်တုန်းလမ်းမကြီးအပိုင်း မိုင်တိုင် ၁/၄ မှ မိုင်တိုင် ၂/၆ အကြားလမ်းအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ပြုပြင်ပေးရန် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ပြုပြင်ပေးမည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ညောင်တုန်းလမ်းမကြီးအပိုင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန တာဝန်ယူဆောင်ရွက်တဲ့ ၃ မိုင် ၂ ဖာလုံရှည်တဲ့ အောင်ဇေယျတံတား ချဉ်းကပ်လမ်းမှာ ပါဝင်ပြီးတော့ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်အား BOT စနစ်နဲ့ ဆောက်လုပ်ခွင့်ပြုထားတဲ့လမ်းဖြစ်ပါတယ်ခင်ဗျား။ BOT စနစ်နဲ့ အေးရှားဝေါလ်ကုမ္ပဏီက ဆောင်ရွက်ခွင့်ပြုထားသော်လည်း ဒီလမ်းမကြီးရဲ့မူလပိုင်ရှင်ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတဲ့အားလျော်စွာ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်၊ခရိုင်၊တိုင်းအဆင့်များကို တာဝန်ပေးအပ်ထားပါတယ်။ ဒီလမ်းကြီး၏အခြေအနေကတော့ ၄၈ ပေအကျယ် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါတယ်။ ဒီလမ်းအပိုင်းကို အေးရှားဝေါလ်ကုမ္ပဏီက လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာမှာ ပထမအဆင့်အနေ နဲ့ ၁ မိုင် ၄ ဖာလုံကနေပြီးတော့ ၁ မိုင် ၆ ဖာလုံအတွင်း ၂ ဖာလုံကို လမ်းပေါက်ဖာထေးခြင်းဆောင်ရွက်ခဲ့ပါတယ်။ တဖန် ၁ မိုင် ၆ ဖာလုံကနေ ၂ မိုင် ၂ ဖာလုံအတွင်း ၄ ဖာလုံကိုတော့ အခြေခံလွှာခင်းခြင်း၊ Base Cost ကို ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ တဖန် ၂ မိုင် ၂ ဖာလုံ ကနေပြီးတော့ ၂ မိုင် ၆ဖာလုံအတွင်းကိုတော့ အကြီးစားလမ်း

ပေါက်ဖာထေးခြင်းလုပ်ငန်းများကို ၄ ဖာလုံ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့ မိုင်အားလုံးဟာ ၁ မိုင်၄ ဖာလုံကနေပြီးတော့ ၂ မိုင် ၆ ဖာလုံအတွင်း ၁ မိုင် ၂ ဖာလုံ ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယအဆင့်အနေနဲ့ မိုးရာသီဒဏ်ခံနိုင်အောင်လို့ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်ကနေပြီးတော့ ၁ မိုင်၄ ဖာလုံကနေပြီးတော့ ၂ မိုင် ၆ ဖာလုံကြား လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ အပိုင်းကို ကတ္တရာထပ်ပိုးလွှာတစ်လမ်းလုံးကို အိုဗာလေးလုပ်ငန်းကို ၁၈-၆-၂၀၁၂ နေ့မှာ ဆောင်ရွက်ပြီးစီးကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူးထံသို့ တင်ပြခဲ့ပါတယ်။ အဲဒီအခါမှာ မြောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူးကို ထပ်မံစစ်ဆေးစေပြီးတော့ လိုအပ်တာများဖြည့်စွက်ပြီး ထပ်မံဆောင်ရွက်စေခဲ့တာဟာ ၃-၇-၂၀၁၂ ရက်နေ့မှာ လုံးဝပြီးစီးခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနှင့်လည်း BOT လုပ်ငန်းရှင်များကို သတ်မှတ်စည်းကမ်းများနဲ့ အတိုင်းဆောင်ရွက်ရန် တွန်းအားပေး ညွှန်ကြားလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**စရိတ်မျှပေးကျန်းမာရေးစနစ်ကို ဖျက်သိမ်းရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်ဖြေကြားဖို့ ရောက်ရှိလာနေကြတဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စရိတ်မျှပေး ကျန်းမာရေးစနစ်ဆိုတာကို ခေါ်ဝေါ်သုံးစွဲမှုဟာ လက်တွေ့ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းများကိုသွားတဲ့အခါမှာ ကြုံတွေ့ရမှုနဲ့ သိပ်မဆီလျော်ဘူးလို့မြင်တာကလည်း တစ်ကြောင်းကြောင့်ပေါ့လေ။ ခေတ်စနစ်ကလည်း ပြောင်းလဲလာတာအကြောင်း တစ်ကြောင်းပေါ့။ နိုင်ငံရေးအရရော၊ ဈေးကွက်စီးပွားရေးအနေအထားအရရော ပြောင်းလဲသွားတဲ့ပုံစံများကြောင့် ဒီသုံးစွဲမှုကလေးကိုပြုပြင်ပြောင်းလဲရန်ရှိမရှိဆိုတာကို ကျွန်တော်က မေးချင်တာပါ။ စရိတ်မျှပေးကျန်းမာရေးဆိုတာ ကြားလိုက်ရတဲ့အခါမှာတော့ တော်တော်လေး နည်းနည်း ပျော်ပျော်လေးတောင်မှဖြစ်သွားပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဆေးရုံရောက်လို့ရှိရင်တော့ ဆေးဖိုးဝါးခ၊ ဆရာဝန်တိုင်ပင်ခ၊ ဂွမ်းဖိုးအပ်ဖိုးကအစပေါ့။ သွေးစစ်ခဆိုတာကို ကျသင့်ငွေရဲ့ တစ်ဝက်လောက်ပဲ ကျွန်တော်တို့ ကျခံရလိမ့်မယ်လို့ ခံစားချက်မျိုးနဲ့ ပျော်မိတာကို ပြောတာပါ။ သို့သော်လည်းပဲ တကယ့်လက်တွေ့မှာကျတော့ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့က ကျသင့်ငွေကို

ကျသင့်သလို ဆေးရုံကြီးအတွင်းမှာ လေလံဆွဲထားတဲ့ ဆေးဆိုင်မှာပဲ ဝယ်ပေးချေရတယ်။ မိမိရဲ့ သွေးစစ်၊ ဆီးစစ်၊ သလိပ်စစ်ကိုလည်းပဲ အပြင်ဓာတ်ခွဲခန်းမှာ ညွှန်ကြားရင် ညွှန်ကြားသလို သွားရောက်ပြီးတော့ ငွေကုန်ကြေးကျခံပြီးတော့ စစ်ဆေးရပါတယ်။ အဲဒီတော့ နိုင်ငံတော်အပိုင်း ကတော့ ဆေးရုံဆိုတဲ့အဆောက်အအုံကြီးကို ကျခံပေးထားပါတယ်။ ဆရာဝန်၊ ဆရာမတွေနဲ့ သူနာပြု တွေ၊ အောက်ခြေဝန်ထမ်းတွေကအစ အားလုံးအတွက် လစာစရိတ်ကျခံပေးထားတာမျိုး ရှိပါတယ်။ ဒီနှစ်ပိုင်းကို စရိတ်မျှပေးတဲ့ကျန်းမာရေးလို့ လက်တွေ့သုံးစွဲနေတာဖြစ်ပါတယ်။ ဒီအခေါ်အဝေါ် အသုံးအစွဲလေးက ကျွန်တော်တို့ ပြည်သူတွေ ထင်တာမြင်တာ မျှော်လင့်တာနဲ့ နည်းနည်းကွဲပြား နေပါတယ်။ ဒီထက်ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်းလေ့လာလိုက်တဲ့အခါကျတော့ ကျွန်တော့်ရှေ့မှာ ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာလည်းပဲ ဆွေးနွေးတာလေးရှိပါတယ်။ အဲဒီတုန်းက လည်းပဲ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားတာလေးတွေရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ သွားပြီးတော့ ကြားလိုက်တွေ့လိုက်ရတာကတော့ ဘတ်ဂျက်ကို လေ့လာတဲ့အခါမှာလည်း တွေ့ပါတယ်။ အဲဒီမှာကတော့ ကျွန်တော်တို့ ဆေးရုံတွေကနေပြီးတော့ နိုင်ငံတော်ကိုပြန်ပြီးတော့ အခြားသော စီးပွားရေးလုပ်ငန်းများ၊ ဦးစီးဌာနများကဲ့သို့ အခွန်ရငွေနှင့် အခြားရငွေတို့ ပြန်လည် ပေးသွင်းရတာရှိပါတယ်။ ကျွန်တော်တို့ ဆေးရုံ၊ ဆေးခန်းပိုင်းတွေနဲ့ကျတော့ အခြားရငွေနဲ့ ပြန်လည်ပြီး ပေးသွင်းရတယ်ဆိုတာကိုသွားတွေ့ပါတယ်။ ဒီတော့ကား ဆေးရုံ၊ ဆေးခန်းတွေက ဘယ်ကဝင်ငွေတွေ ရမလဲဆိုတာကတော့ စောစောကပြောတဲ့ ဆေးရုံဝင်းအတွင်းမှာ ဈေးအပြိုင်ဆွဲထားတဲ့ စားသောက် ဆိုင်တွေနဲ့ ဆေးရောင်းတဲ့ဆိုင်တွေရဲ့ ပေးသွင်းငွေတွေဟာ အခြားဝင်ငွေအဖြစ်နဲ့ နိုင်ငံတော်ကို ပြန်ပြီးပေးသွင်းရတဲ့ပုံစံမျိုးဖြစ်နေတာကို တွေ့ရပါတယ်။ ဒီတော့ကား ခေတ်စနစ်အားဖြင့် ကျန်းမာရေး ဆေးကုသမှုနှင့်ပတ်သက်လို့ ပြောင်းလဲတာလေးတွေကလည်း တစ်ဖက်မှာလည်းရှိပါတယ်။ ဥပမာအား ဖြင့်ဆိုရင် အလုပ်သမားဝန်ကြီးဌာနကနေပြီးတော့ လူမှုဖူလုံရေးဆေးကုသမှုအာမခံဥပဒေဆိုတာမျိုး ကိုထုတ်ပြန်ထားလာပါတယ်။ ဒါကတော့ ယခင် ၁၉၅၄ ခုနှစ် ဥပဒေကိုပြင်ဆင်တာပါ။ အဲဒီတော့ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံကအလုပ်သမားများအတွက် ဆေးကုသမှုအာမခံကို အလုပ်သမား၊ အလုပ်ရှင်နှင့် ပြီးတော့ နိုင်ငံတော်အစိုးရထည့်ဝင်ငွေနှင့် ရန်ပုံငွေကို ထူထောင်ပြီတော့ ဆေးကုသမှုခံရတဲ့စနစ်ကလေးရှိပါတယ်။ အဲဒီ စနစ်ပေါ်ပေါက်လာသလို နိုင်ငံတကာမှာရှိတဲ့ National Insurance ခေါ်တဲ့ အမျိုးသားအာမခံနစ်ဆိုတာရှိပါတယ်။ အဲဒီမှာလည်းပဲ ဆေးကုသမှု အာမခံဆိုတာ ကျယ်ကျယ်ပြန့်ပြန့်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့လည်းပဲ ပြီးခဲ့တဲ့ လွှတ်တော်မှာ ဆွေးနွေး

မှုတစ်ခုပြုခဲ့ဖူးပါတယ်။ ခုနကတော့ စာရင်းပေါက် စက်ရုံ၊ အလုပ်ရုံက အလုပ်သမားတွေအတွက် လူမှုဖူလုံရေးအာမခံဆေးကုသခွင့်စနစ်ဖြစ်ပါတယ်။ နောက်တစ်မျိုးအနေနဲ့ မြန်မာနိုင်ငံသားတွေက မည်သူမဆိုပေါ့လေ။ ဆေးကုသမှုအာမခံပေါ်လစီတွေကို ဝယ်ယူထည့်သွင်းခြင်းအားဖြင့် ဆေးကုသမှု ခံတဲ့အခါမှာ မိမိရဲ့ကုန်ကျစရိတ်ကို ဒီရန်ပုံငွေကနေပြီးတော့ ရန်ပုံငွေပွားများထားတဲ့အလျောက် မိမိရဲ့ ကျခံမှုဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် သက်သာပေမယ့် သက်သာစေမယ့် နည်းစနစ်ပုံစံမျိုး ဒါကလည်း မြန်မာနိုင်ငံမှာ သိပ်မကြာခင်မှာ ဖြစ်မယ်လို့မျှော်လင့်ပါတယ်။ တစ်ဖက်က ကျွန်တော်တို့က Stock Exchange ငွေကြေးဈေးကွက်တွေမျိုး၊ ချေးငွေဈေးကွက်တွေမျိုးထူထောင်ဖို့လည်းပဲ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်တွေမှာ အဆိုတင်ထားတာတွေ၊ ဆွေးနွေးတာတွေရှိထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံရေးအရ လုံးဝဆင်းရဲတဲ့အတန်းအစားမှာရှိတဲ့ နိုင်ငံသားတွေ အတွက်ကတော့ ပြတ်ပြတ်သားသားပဲပေါ့လေ။ အခမဲ့ဆေးရုံဆိုတာမျိုးကတော့လည်း ထူထောင်ဖို့ လိုပါတယ်။ လောလောဆယ်လည်းပဲ ပြည်သူ့ဆေးရုံကြီးတွေမှာ ဒီသဘောတရားမျိုးကို စွန့်လွှတ်ခြင်း မရှိပါဘူး။ ဆေးရုံမှာ လာရောက်ပြသတဲ့လူနာရဲ့ ၂၅၊ ၃၀ ရာခိုင်နှုန်းလောက်က ဒီအခမဲ့ဆေးကုသမှု ပုံစံစနစ်အတွင်းကပဲ ဆေးကုသခံယူသွားတာ ကျွန်တော်တွေ့ပါတယ်။ ဒီတော့ကား မတတ်နိုင်သော ဆင်းရဲသားလူနာများအတွက် စောစောကပြောတဲ့ ဆေးကုသမှုအာမခံစနစ်မှာ အကျုံးမဝင်နိုင်တဲ့ ဆင်းရဲသားလူနာများအတွက် ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့ အခွန်ကို ဖိဖိစီးစီး ကောက်ခံပြီးတော့ ဆေးကုသမှုကို အစမှအဆုံး အခမဲ့ကုသပေးတဲ့ ပုံစံမျိုးနဲ့ လက်ရှိဆေးရုံ၊ ဆေးခန်း တွေကပဲ လုပ်ငန်းရဲ့ ၃၀၊ ၃၅ ရာခိုင်နှုန်းလောက်ထိကို ကျခံလုပ်ကိုင်ပေးသွားနေတဲ့ ပုံစံလည်းရှိပါ တယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက ဒီစရိတ်မျှပေးကျန်းမာရေးဆိုတာက အမည်အခေါ်အဝေါ် အနေနဲ့လည်း မသင့်တော်တော့ပါဘူး။ လက်ရှိဖြစ်ပေါ်နေတာကော၊ အနာဂတ်မှာ ဖြစ်ပေါ်ပြောင်းလဲ လာမယ့် နိုင်ငံရဲ့စီးပွားရေးနဲ့ လူမှုပုံစံအရလည်း မသင့်တော်တော့ပါဘူး။ နိုင်ငံတော်အစိုးရပိုင် စီးပွားရေး၊ လူမှုရေးလုပ်ငန်းတော်တော်များများကို ပုဂ္ဂလိကလက်ကိုလွှဲအပ်နေတဲ့ အချိန်ကာလမျိုး လည်းရောက်နေပါတယ်။ ဒီတော့ကား ကျွန်တော်တို့လို ပုံစံတူနိုင်ငံမျိုးတွေပေါ့လေ။ ဥပမာအားဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ဟာ ကျွန်တော်တို့လို ဆိုရှယ်လစ်နိုင်ငံကတစ်ဆင့် ဈေးကွက်စီးပွားရေး Liberal ဒီမိုကရေစီနိုင်ငံပုံစံကို ပြောင်းလဲလာတဲ့နိုင်ငံတွေဖြစ်ပါတယ်။ သူတို့တွေ ဆီမှာက စက်ရုံ၊ အလုပ်ရုံကလေးတွေကအစ စက်ရုံ၊ အလုပ်ရုံကြီးတွေ၊ ဆေးရုံကြီးတွေကိုလည်း ဒီတန်ဖိုးအားလုံးကို ရှယ်ယာအဖြစ်နဲ့ အညီအမျှခွဲဝေပြီးတော့ ဥပမာ- ဆေးရုံဆိုလို့ရှိရင်လည်းပဲ

ဆရာဝန်ကြီးတွေ၊ ဆရာဝန်လေးတွေ နောက်ဆုံးအောက်ခြေက စာရေးစာချီ၊ သန့်ရှင်းရေး အလုပ်သမားတွေအထိ ရှယ်ယာခွဲဝေဝေယ်ယူခွင့်နှင့် ကိုယ်ပိုင်ဆေးကုသမှုကုမ္ပဏီလုပ်ငန်းဆိုတာ မျိုးလည်း ပြောင်းလဲသွားတာတွေလည်းရှိပါတယ်။ အချုပ်အနေနဲ့ပြောရလို့ရှိရင် ကျွန်တော်တို့ ပြည်သူတွေကြားမှာ အထင်နဲ့အမြင်နဲ့ ခံစားချက်ကွဲပြားပြီးတော့ နာမည်ဆိုးထွက်တယ်လိုပဲပြောရ မလား။ အချင်းချင်းရယ်စရာအဖြစ် အမြဲတမ်းအပြောခံနေရတဲ့စနစ်လိုပဲ ပြောရမလားဖြစ်တဲ့ စရိတ် မျှပေးကျန်းမာရေးဆိုတဲ့စနစ်ရဲ့ အခေါ်အဝေါ်အသုံးအစွဲလေးကို ပြုပြင်ပြီးတော့ သူ့အစား အခြား ခေတ်မီတိုးတက်တဲ့ ခေတ်နဲ့လျော်ညီတဲ့ ပုံစံနစ်ကလေးကိုသွားဖို့ရှိမရှိ အဓိကအားဖြင့်ကတော့ စရိတ်မျှပေး ကျန်းမာရေးဆိုတဲ့ အသုံးအနှုန်းလေးကိုပြင်ပေးဖို့ ရှိမရှိ ဆိုတာလေးကို ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ရဲ့ အောက်ခြေဝန်ထမ်း များအားခွဲပေးခြင်း၊ အစိုးရဘတ်ဂျက်သို့ အခြားဝင်ငွေဖြင့် ပြန်လည်ပေးသွင်းခြင်းပြုရပြီး ပြည်သူများ အကြား အမည်ဆိုးထွက်နေသော စရိတ်မျှပေးကျန်းမာရေးစနစ်ကို ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဖြေကြားချက်မှာ အပိုင်း ၂ ပိုင်း ဖြေကြားမှာဖြစ်ပါတယ်။ ပထမအပိုင်းကတော့ နိုင်ငံတော်မှာ လက်ရှိကျင့်သုံးနေတဲ့ စရိတ်မျှပေး ကျန်းမာရေးစနစ်နဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းချက်ဖြစ်ပါတယ်။ အဲဒါကတော့ စရိတ်မျှပေးရေး လက်ရှိကျင့်သုံးနေတဲ့ စရိတ်မျှပေးကျန်းမာရေးစနစ်မှာ အောက်ခြေဝန်ထမ်းများကို ခွဲဝေပေးတဲ့ Ratio ပါဝင်ခြင်းမရှိပါဘူး။ ပြည်သူ့ဆေးရုံပိုင်းမှာရှိတဲ့ သီးသန့်လူနာခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ရောဂါရှာဖွေရေးဌာနများမှရရှိသောဝင်ငွေများကို သတ်မှတ်အချိုးများအတိုင်း နိုင်ငံတော်ရဲ့သာမန် ရငွေအဖြစ်ပေးသွင်းတာပါပါတယ်။ နောက်ဆေးရုံရဲ့ပြင်ဆင်ထိန်းသိမ်းခြင်း၊ စက်ကိရိယာများပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများပါပါတယ်။ အဲ့ဒီအတွက်ပဲအသုံးပြုပါတယ်။ ဆေးရုံသို့တက်ရောက်ကုသမှု ခံယူတဲ့ ဆေးဖိုးမတတ်နိုင်တဲ့လူနာတွေအတွက်တော့ ဆေးဝါးများထောက်ပံ့ပေးခြင်းကို စနစ်တကျခွဲဝေ

အသုံးပြုလျက်ရှိပါတယ်။ နိုင်ငံတော်သို့ရငွေအဖြစ်ပေးသွင်းမှုအခြေအနေနှင့် ခွဲဝေသုံးစွဲမှုအခြေအနေတို့ကိုလည်း သက်ဆိုင်ရာဆေးရုံတွေကနေလစဉ်အစီရင်ခံစာများ သတ်မှတ်ပုံစံနှင့်ပြည့်စုံစွာပြုစုပေးပို့လျက်ရှိပြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် အဆင့်ဆင့်စိစစ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်ရဲ့စာရင်းစစ်ကလည်း ဒါတွေကို အမြဲတမ်းစစ်ဆေးကြပ်မတ်လျက်ရှိကြောင်း ပထမဦးစွာ တင်ပြအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့အတိုင်း လက်ရှိအခြေအနေမှာတော့ ဒီစရိတ်မျှပေးကျန်းမာရေးစနစ်ကို ကျွန်တော်တို့အနေနဲ့ပြန်လည်ပြုပြင်သုံးသပ်ရန်လိုတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံစေရန် အထူးသဖြင့်ဆင်းရဲနွမ်းပါးသူများအတွက် လွှမ်းခြုံမှုရရှိစေရန်အတွက် မြို့နယ်အခြေပြုကျန်းမာရေးစောင့်ရှောက်မှုစရိတ် အကာအကွယ်ပေးရေး အစီအစဉ်ဆိုတဲ့ဟာလေးတစ်ခုကို လေ့လာတဲ့သုတေသနကို ၂၀၁၁ ခုနှစ်အတွင်းမှာ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်မှာဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီတွေ့ရှိချက်တွေပေါ်မှာအခြေခံပြီးတော့ ပြီးခဲ့တဲ့အပတ်ထဲကပဲ International Expert တွေနဲ့ ကျွန်တော်တို့ဆီနဲ့ ဆွေးနွေးပြီးတဲ့အခါမှာ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မယ့် ပြည်သူ့လူထုအခြေပြုကျန်းမာရေးအာမခံစနစ် Community Base Insurance Scan ကို ကျွန်တော်တို့စမ်းသပ်ဆောင်ရွက်သွားပြီးတော့မှ ဒါကိုတစ်ပြည်လုံးအတိုင်းအတာနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှင့် ၅ နှစ်အောက်ကလေးများ သေဆုံးမှုလျော့နည်းရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဒေါက်တာနေလင်းကိုယ်စား ဦးဟန်စိန်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း မေးမြန်းထားသော

ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှု လျော့နည်းရေးဆိုတဲ့မေးခွန်းကို ဒေါက်တာနေလင်းကိုယ်စား ကျွန်တော်မှ မေးမြန်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိခင်များအပါအဝင် အမျိုးသမီး များနှင့် ကလေးများ၏ကျန်းမာရေး၊ ပညာရေးတိုးတက်မြင့်မားရေး၊ ဘဝလုံခြုံမှုရှိရေးနှင့် အခွင့် အလမ်းများတန်းတူညီမျှရရှိရေးအစရှိတဲ့ လူ့အခွင့်အရေးများနှင့်အညီ နိုင်ငံ၏ကျန်းမာရေးနှင့် ပညာရေးအခန်းကဏ္ဍအသုံးစရိတ် ရင်းနှီးမြှုပ်နှံမှုသည် ရေရှည်၌ တိုင်းပြည်ဖွံ့ဖြိုးရေးနှင့် လူသား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်လျက်ရှိတာကို တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ မိခင်နှင့်ကလေးများသည် တိုင်းပြည်၏ သားသမီးရတနာများဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်နေသဖြင့် မိခင်နှင့် ကလေးများ၏ သေဆုံးမှုလျှော့ချရေး မွေးကင်းစကလေးများနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှု လျှော့ချရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးတို့သည် နှစ်တိုနှစ်ရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ အမျိုးသားစီမံကိန်းများတွင် အလေးထားထည့်သွင်းရေးဆွဲခြင်း၊ ကျန်းမာရေး အသုံးစရိတ်တိုးမြှင့်ဆောင်ရွက်ခြင်း၊ အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် သက်ဆိုင်ရာအစိုးရများ၏ political will and political commitment များရရှိရေးဆောင်ရွက်ခြင်း၊ ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုရှိစေရန် သက်ဆိုင်ရာ ပါလီမန်တွင်တင်ပြခြင်း၊ လိုအပ်သည့်ဥပဒေများ၊ နည်းဥပဒေများရေးဆွဲထုတ်ပြန်စေခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အမှတ်စဉ် ၄ နှင့် ၅ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့လည်း ကျန်းမာရေးဝန်ကြီး ဌာနသည် မျိုးဆက်ပွားကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင်ပါဝင်သည့် ကျွမ်းကျင်သည့် သားဖွားဆရာများမွေးထုတ်ခြင်း၊ အရပ် လက်သည်များ ကျွမ်းကျင်မှုသင်တန်းပေးခြင်း၊ သားဆက်ခြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးရုံ ဆေးခန်းများတွင် လိုအပ်သည့် ဆေးဝါးနှင့်ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာဖြည့်တင်းပေးခြင်း၊ ဆေးရုံဆေးခန်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ မိခင်များနှင့် မိခင်လောင်းများ ကျောင်းနေကလေးများ ကျန်းမာရေးအသိပညာဖြန့်ဖြူးပေးခြင်း အစရှိသည်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲ

ကာပူးပေါင်းဆောက်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထောင်စုနှစ်ရည်မှန်းချက်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်လေးစားမှုရရှိရန် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်။ (၁) ၂၀၀၀ခုနှစ်မှ ယနေ့အထိ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှုန်းနှင့် ငါးနှစ်အောက်ကလေးများသေဆုံးမှုအခြေအနေ။ (၂) ထောင်စုနှစ်ရည်မှန်းချက် ၂၀၁၅ ခုနှစ်အတွက် သေဆုံးမှုနှုန်းလျော့နည်းရေးမျှော်မှန်းချက်။ (၃) အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် တွေ့မြင်ရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများ။ (၄) တွေ့ကြုံရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအပေါ် ဖြေရှင်းမည့်နည်းလမ်းများ။ (၅) ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများစာရင်း ရရှိသည့်လေ့ကျင့်ရေးနည်းပညာ ငွေကြေးအထောက်အပံ့အကူအညီများ။ (၆) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်မည့် ဥပဒေများ၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရန် စီစဉ်ထားရှိမှုအခြေအနေ။ (၇) မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ခွဲဝေကျခံသုံးစွဲမည့် ကျန်းမာရေးအသုံးစရိတ်လိုအပ်ချက်နှင့် လာမည့်ဘဏ္ဍာရေးနှစ်အတွက် မျှော်လင့်လျာထားချက် စသည့်အချက်များကို လွှတ်တော်မှတစ်ဆင့် ပြည်သူလူထုသိရှိစေရန်အတွက် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်းမှ မေးမြန်းထားတဲ့ မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှုန်းနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုနှုန်းလျော့နည်းရေးအတွက် လုပ်ငန်းစီမံချက်များ သတ်မှတ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ခုနှစ်မှစ၍ ယနေ့ထိအခြေအနေနှင့် ၂၀၁၅ ခုနှစ် ရည်မှန်းထားရှိမှုအခြေအနေမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှုန်းနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုနှုန်းလျော့နည်းရေးအတွက် လုပ်ငန်းစီမံချက်များ ချမှတ်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ ၂၀၀၀ ခုနှစ်မှယနေ့အထိ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုနှင့်

ထောင်စုနှစ်ရည်မှန်းချက် ၂၀၁၅ အတွက် သေဆုံးမှုနှုန်း လျှော့နည်းရေးမျှော်မှန်းချက်ကို ကျွန်တော်တို့ အောက်ပါအတိုင်း အစီရင်ခံမှာဖြစ်ပါတယ်။ မိခင်သေဆုံးမှုအနေနဲ့ အရှင်မွေးတစ်သိန်းမှာ ရရှိတဲ့ ကိန်းဂဏန်းကတော့ United Nation Inter agency estimate 2010 ခုနှစ်က လုပ်တဲ့ ကိန်းဂဏန်းဖြစ်ပါတယ်။ မိခင်သေဆုံးမှုနှုန်းအနေနဲ့ အရှင်မွေးတစ်သိန်းမှာ ၂၀၀၀ ခုနှစ်မှာ ၃၀၀ ရှိတာကနေ ၂၀၀၅ ခုနှစ်မှာ ၂၃၀ အထိချထားနိုင်ခဲ့ပါတယ်။ ၂၀၁၀ မှာ ၂၀၀ အထိ ချထားနိုင်ခဲ့ပြီးတော့ ၂၀၁၅ မျှော်မှန်းချက်အနေနဲ့ အရှင်မွေးတစ်သိန်းမှာ မိခင်သေဆုံးမှု ၁၃၀ သာလျှော့ကျရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့နည်းတူစွာပဲ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းအနေနဲ့ Multiple Indicator Cluster Survey ခေါ်တဲ့ Unicef ကလုပ်တဲ့ ကိန်းဂဏန်းများအရ ၂၀၀၀ ခုနှစ်မှာ အရှင်မွေး ၁၀၀၀မှာ ၇၇.၇ ရာခိုင်နှုန်းရှိရာမှ ၂၀၀၃ ခုနှစ်မှာ ၆၆.၁ ရာခိုင်နှုန်းအထိ လျှော့နည်းစေခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ ၄၆.၀ ရာခိုင်နှုန်းအထိ လျှော့နည်းစေခဲ့ပြီးတော့ ၂၀၁၅ မျှော်မှန်းချက်အနေနဲ့ အရှင်မွေး ၁၀၀၀ မှာ ငါးနှစ်အောက် ကလေးသေဆုံးမှုကို ၄၃.၃ ရာခိုင်နှုန်းလျှော့ချနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီလိုရည်မှန်းဆောင်ရွက်တဲ့အခါမှာ ဆောင်ရွက်နေတဲ့လုပ်ငန်းများအနေနဲ့ကတော့ ကျန်းမာရေးဝန်ထမ်းများတွေကို မိခင်နှင့်ကလေးဆိုင်ရာ အသိပေးဆွေးနွေးပွဲတွေ အစည်းအဝေးတွေကျင်းပပေးပြီး ကျွမ်းကျင်မှုသင်တန်းများပေးခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်တဲ့ဆေးဝါးနဲ့ ဆေးဝါးပစ္စည်း ကိရိယာများထောက်ပံ့ပေးခြင်းနှင့် ပညာပေးစာစောင်များဖြန့်ဖြူးခြင်းကို ဆောက်ရွက်လျက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲများ ပြုပြင်မွမ်းမံခြင်းနှင့်ဌာန၊ ဌာနခွဲတွေမှာ သားဖွားခန်းများဆောက်လုပ်ပြီးတော့ Institutional Delivery ခေါ်တဲ့ ဆေးရုံဆေးခန်းတွေမှာ မွေးတဲ့နှုန်းကိုမြင့်မားအောင်ဆောင်ရွက်လျက်ရှိပါတယ်။ နောက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကွင်းဆင်းကြီးကြပ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ ဆန်းစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုရရှိရေးအတွက်ကို စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ နောက်အခြားနှီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့ မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသားအဆင့်စီမံကိန်း ၂၀၀၉-၂၀၁၃ ခုနှစ် ငါးနှစ်စီမံကိန်းရေးဆွဲပြီးတော့ ဒီငါးနှစ်စီမံကိန်းထဲမှာ လိုအပ်တဲ့ငွေကြေးရန်ပုံငွေတွေကိုပါ ထည့်သွင်းတွက်ချက်ပြီးတော့ စီမံကိန်းရေးဆွဲဆောင်ရွက်တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ပြီးတာနဲ့ တစ်ပြိုင်နက် ၂၀၁၅ ခုနှစ်ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက်လည်း ဒါကို ဆက်လက်ရေးဆွဲ

အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ တွေ့ကြုံရတဲ့အခက်အခဲနဲ့ စိန်ခေါ်မှုတွေကတော့ ကျန်းမာရေးဝန်ထမ်းအင်အား လိုအပ်ချက်ရှိနေသေးခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ လွှမ်းခြုံမှုနည်းပါးနေသေးခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာ နည်းပါးနေသေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ လွဲမှားသောအယူအဆများရှိနေသေးခြင်း၊ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုအားနည်းနေသေးခြင်း၊ ကျန်းမာရေးအသုံးစရိတ်များ ထပ်မံလိုအပ်မှုရှိနေသေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရန်လိုအပ်ခြင်းနှင့် ဝေးလံခက်ခဲသော ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန်အတွက် လိုအပ်သောကန့်သတ်ချက်များ ရှိနေခြင်းတို့ဖြစ်ပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ရန်အတွက် ကျွန်တော်တို့ ၂၀၁၂ ခုနှစ်မှာ လက်ထောက်ကျန်းမာရေးမှူး ၁၂၄ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁) ၇၃ဦး၊ သားဖွားဆရာမသစ်လွင် ၈၅၉ ဦးကို အလုပ်ခန့်အပ်ပေးပြီးတော့ သင်တန်းဆင်းပြီး အလုပ်ဝင်ရန်စောင့်ဆိုင်းနေတဲ့ လက်ထောက်ကျန်းမာရေးမှူးတွေ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်မြှင့်တင်တဲ့ သားဖွားဆရာမတွေကို လစ်လပ်နေရာများကို အမြန်ဆုံးခန့်ထားခွင့်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဌာနများလွှမ်းခြုံမှုမြင့်မားလာစေရန်အတွက် ၂၀၁၁-၂၀၁၅ အမျိုးသားကျန်းမာရေး ငါးနှစ်စီမံကိန်းမှာ နှစ်စဥ်ကျေးလက်ကျန်းမာရေးဌာန ၆၀ နဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၄၀ ကို တိုးချဲ့ဖွင့်လှစ်ပြီးတော့ လွှမ်းခြုံမှုကောင်းမွန်ရေးအတွက် ဆက်လက်ဆောက်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာတိုးမြှင့်စေရန်အတွက် ပညာပေးဇာတ်လမ်းများထုတ်လွှင့်ခြင်း၊ ပိုစတာလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ ဟောပြောပွဲများ ကျင်းပခြင်းတို့ကိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ လိုအပ်နေသေးတဲ့နေရာတွေမှာ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ အထူးသဖြင့်တော့အရန်သားဖွားဆရာမများနှင့် လူထုကျန်းမာရေးလုပ်သားများကိုမွေးထုတ်ပြီးတော့ ကျေးရွာများအဆင့်အထိ တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်။ ကျန်းမာရေးအသုံးစရိတ်ကိုလည်း နှစ်စဥ်တိုးမြှင့်ရရှိရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းများရဲ့ အရည်အသွေးမြှင့်တင်ရန် လုပ်ငန်းခွင်နှင့်လုပ်ငန်းခွင်အကြို လေ့ကျင့်သင်တန်းပေးရာ လက်ရှိကျန်းမာရေးဝန်ထမ်းများရဲ့ ကျွမ်းကျင်မှုအရည်အသွေးတိုးမြှင့်စေရန်အတွက် မိခင်နှင့်ကလေးသင်တန်းများနှင့် မျိုးဆက်ပွားကျန်းမာရေးသင်တန်းများကိုပေးပြီးတော့ ကွင်းဆင်းကြီးကြပ်သွားမှာ ဖြစ်ပါတယ်။ ဝေးလံခက်ခဲတဲ့

ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှု ရောက်ရှိစေရန်အတွက် ကျန်းမာရေးစေတနာ့ဝန်ထမ်းများမှတစ်ဆင့် ပြည်သူလူထုအခြေပြုတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သီးခြားအစီအစဉ်များနှင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုလျော့နည်းစေရန် ထောင်စုနှစ်ရည်မှန်းချက် ၂၀၁၅ အတွက် သေဆုံးမှုနှုန်းလျော့နည်းရန် ဆောင်ရွက်ရန်လိုအပ်တဲ့ ကျန်းမာရေးအသုံးစရိတ်များ ရရှိရေးအတွက်လည်း ကုသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများဖြစ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ Aus Aid တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် လိုအပ်တဲ့ဥပဒေများ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း ပြီးဆုံးပါပြီ။ သို့ရာတွင် ရပ်နားချိန် ပေးမယ်ဆိုရင် နေ့လယ်ဘက်မှာ ပြုလုပ်မယ့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးအတွက် အချိန် အကန့်အသတ်ရှိတဲ့အတွက် အစည်းအဝေးကို ဆက်လက်ဆောင်ရွက်ပါ့မယ်။

**ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်က သဘာဝဝန်းကျင်တည်ငြိမ်မှုဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှသစ်နှင့် သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်ညီအသုံးပြုနိုင်ရေးအတွက်နိုင်ငံတော်ရှိအရေးပါသောသဘာဝ သစ်တောကြီးများထာဝစဉ်တည်တံ့အောင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း များကို အလေးထားဆောင်ရွက်သင့်ကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်၊ မသင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်က အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သဘာဝဝန်းကျင်တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကိုပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှသစ်နှင့် သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်ညီအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသောသဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်းအဆိုကိုတင်သွင်းမှာဖြစ်ပါတယ်။ ယခုအဆိုကို ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ကိုယ်စားတင်သွင်းခြင်းဖြစ်ကြောင်းလည်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် သစ်တောသယံဇာတပေါကြွယ်ဝပြီး သစ်တောစီမံအုပ်ချုပ်မှုမှာလည်း ရှေးနှစ်ပေါင်းများစွာကပင် စနစ်တကျဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ တတိယမြန်မာနိုင်ငံတော်၏ ခေတ်နှောင်းပိုင်းဖြစ်သည့် ကုန်းဘောင်ခေတ်က နိုင်ငံအကျယ်အဝန်း၏ ၇၀ ရာခိုင်နှုန်းထက် မနည်း ရှိခဲ့ကြောင်းသိရှိရပါတယ်။ မြန်မာနိုင်ငံ၏ ထူးခြား၍ကွဲပြားစွာတည်ရှိနေသည့် ပထဝီအနေအထား အရရာသီဥတုကွဲပြားမှု၊ မြေမျက်နှာပြင်အနိမ့်အမြင့်ကွာခြားမှုတို့ကြောင့် မျိုးစုံသောသဘာဝသစ်တောကြီးများပေါက်ရောက်ရှင်သန်နေသည်သာမက ဒေသရင်းအပင်၊ ဒေသရင်းသတ္တဝါများပါဝင်သော ဇီဝမျိုးစုံ၊ ဂေဟစနစ်မျိုးစုံပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ သဘာဝသစ်တောကြီးများမှာ ဒီရေတော၊ ပင်လယ်သဲစုံတော၊ ရွှံ့နွံတော၊ အင်တိုင်းတော၊ အမြဲစိမ်းသစ်တော၊ ရွက်ပြတ်ရောနှောတော၊ ခြောက်သွေ့တောနှင့် တောင်ပေါ်တောဟူ၍ဖြစ်ပြီး တောမျိုးစုံလင်စွာပေါက်ရောက်နေပါတယ်။ မြန်မာ့သစ်တောများသည် နိုင်ငံအတွင်းရှိမှီတင်းနေထိုင်သော ပြည်သူများ၏စားဝတ်နေရေးအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်အတွက် နိုင်ငံခြားငွေအမြောက်အမြားကို နှစ်စဉ်ရှာဖွေပေးလျက်ရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေ၊ မြေ၊ သားငှက်ထိန်းသိမ်းရေးတို့အတွက် အဖိုးမဖြတ်နိုင်သည့် သဘာဝအမွေအနှစ်များဖြစ်ကြပါတယ်။ ဒီအမွေအနှစ်များကို ပြည်သူများခံစားနိုင်ခြင်းဟာ ရှေ့ကဘိုးဘွားများသည် နိုင်ငံတော်

ရှိအရေးပါသော သဘာဝသစ်တောကြီးများကို မပျက်စီးစေဘဲ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ကျွန်တော်တို့လက်ထက်အထိ လက်ဆင့်ကမ်းအမွေပေးခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ လူဦးရေ တိုးတက်လာမှုကြောင့် စားဝတ်နေရေးအတွက် သဘာဝအရင်းအမြစ်များကို ပိုမိုသုံးစွဲဖျက်ဆီးခဲ့ကြသဖြင့် သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှုနှင့် ဒေသဆိုင်ရာဂေဟစနစ်မျှတမှုတို့မှာ ဟန်ချက်ပျက်၍ စိုးရိမ်ဖွယ်ရာအခြေအနေများဖြစ်ပေါ်လျက်ရှိပါတယ်။ အမြဲတမ်းသစ်တောမြေများမှာလည်း သစ်တောပြုန်းတီးမှု၊ အခြားမြေအဖြစ်ပြောင်းလဲအသုံးချမှုများကြောင့်လျော့နည်းလာပြီး သစ်နှင့်သစ်တောထွက်ပစ္စည်းများထုတ်ယူအသုံးပြုနိုင်ရန်ခက်ခဲလာပါတယ်။ သို့ဖြစ်ပါ၍ ဘိုးဘွားများထိန်းသိမ်းကာကွယ်ခဲ့တဲ့ရေမြေတောတောင်နှင့် သဘာဝသယံဇာတများကို ယခုမျိုးဆက်တစ်ဆက်တည်းသာသုံးစွဲရန် မဟုတ်ကြောင်းနှင့် နောင်မျိုးဆက်တွေရဲ့ဘဝပြည့်စုံကောင်းမွန်ရေးအတွက် သယံဇာတထုတ်ယူသုံးစွဲရာတွင် ရေရှည်ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ဖော်ဆောင်ပြီးထုတ်ယူအသုံးပြုနိုင်ရေးအတွက် သဘာဝသစ်တောကြီးများထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်းအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သစ်တောပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံသည်ဧက ၁၆၇.၁၈ သန်းကျယ်ဝန်းပါတယ်။ ၁၉၈၉ ခုနှစ်တွက်ချက်မှုများအပေါ်အခြေခံ၍ ၂၀၀၅ ခုနှစ် မြန်မာ့သစ်တောသယံဇာတဆန်းစစ်ချက်အရ သစ်တောဖုံးလွှမ်းဧရိယာဧက ၈၄.၉၃ သန်းအနက် ထူထပ်သည့်သစ်တောပမာဏမှာဧက ၆၁ သန်းပါဝင်ပါတယ်။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလကုန်အထိ အမြဲတမ်းသစ်တောမြေဧက သန်း ၄၀ ရှိပြီးဖြစ်၍ သစ်တောဖုံးလွှမ်းဧရိယာ၏ ၄၇ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံဧရိယာ၏ ၂၄ ရာခိုင်နှုန်းရှိကြောင်းသိရှိရပါတယ်။ သို့သော်လည်း ယခုအချိန်အခါတွင် အဆိုပါရာခိုင်နှုန်းထက်လျော့နည်းမယ်လို့တွက်ဆမိပါတယ်။ သစ်တောရေးရာဆောင်းပါးတစ်ပုဒ်တွင် မူလကဧက ၄၂ သိန်းကျော်ရှိခဲ့သော ပဲခူးရိုးမသဘာဝကျွန်းတောကြီးမှာ ဧက ၇၄၁၂၅၀ ခန့်ပျက်စီးလျက်ရှိကြောင်း ကောင်းကင်မြေတိုင်းဓာတ်ပုံများအရသိရှိခဲ့ရပါသည်။ ထိုကိန်းဂဏန်းများကို သစ်တောဦးစီးရုံးချုပ်၏ ၈-၇-၁၉၈၆ ရက်စွဲပါစာအမှတ် လင/စခ/၀၀၇ အရသိရှိရပါတယ်။ ၁၉၈၆ ခုနောက်ပိုင်းပို၍ဆိုးလာခဲ့ပါတယ်။ ယခုအခါ ဝေးလံခေါင်းပါးသောနေရာအနည်းငယ်နှင့် ပဲခူးရိုးမဖြတ်လမ်းဘေးဝဲယာမှတောအချို့မှအပ

ပြောင်သလင်းခါခဲ့ပါသည်ဟူ၍ ရေးသားဖော်ပြချက်ကိုလည်းဖတ်ရှုခဲ့ရပါတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့ နှစ်များအတွင်းခရီးသွားတဲ့အခါမှာ ဧရာဝတီမြစ်ရှေ့ကြက်ယက်ဆိပ်ကမ်း၊ မန္တလေး-တောင်ကြီးခရီးစဥ် သာစည်အလွန်နေရာ၊ စစ်ကိုင်းတိုင်းဒေသကြီး အလုံမြို့အနီးစတဲ့နေရာတွေမှာထုတ်လုပ်ထားတဲ့ သစ်လုံးများထောင်ပုံယာပုံတွေ့မြင်နေရသလို၊ ဂျာနယ်များမှာလည်း သစ်ကားကြီးများဖြင့်သယ်ယူ နေကြပုံကိုလေ့လာကြည့်ရှုရပါတယ်။ သစ်ထုတ်လုပ်ရောင်းချမှုကြောင့် နိုင်ငံခြားဝင်ငွေရရှိမှုကိုကြုံဆို ရမည်ဖြစ်သော်လည်း သစ်တောပြုန်းတီးမှု၊ သစ်တောအရည်အသွေးကျဆင်းမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကိုတော့စိုးရိမ်ရမှာဖြစ်ပါတယ်။ သစ်တောဧရိယာ မည်မျှကျန်ရှိသည်ကိုတော့ မြန်မာ့သစ်တောပညာရှင်များက စစ်တမ်းကောက်ယူတွက်ချက်တင်ပြမှသာလျှင် သိနိုင်တော့မှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် သဘာဝသစ်တော ကြီးများ ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေတည်ထောင်ခြင်း၊ ကျေးရွာပိုင်စိုက်ခင်းများတည်ထောင်မှုကို ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ သစ်တောများပြုန်းတီးလာတဲ့အတွက် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝသစ်တောများပြန်လည်ပြုစုခြင်းကိုတော့ ၁၉၈၀ ပြည့် လွန်နှစ်များကစပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ သစ်တောများရေရှည် တည်တံ့ရန် သစ်တောဦးစီးဌာနမှ နိုင်ငံတော်သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် သစ်တော စိုက်ခင်းများအောင်မြင်ရန်နှင့် ရေရှည်တည်တံ့ရန်အရေးကြီးပါတယ်။ ၁၉၈၁ ခုနှစ်မှ ၂၀၀၃ ခုနှစ် အထိတည်ထောင်ခဲ့သည့် သစ်တောစိုက်ခင်းဧက ၁.၆၆ သန်းအနက်ဧက ၁.၄ သန်းကို ၂၀၀၈ ခုနှစ် တွင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ၃၃.၅ ရာခိုင်နှုန်းခန့်သာအောင်မြင်သည့် သစ်တောစိုက်ခင်းများအဖြစ် တွေ့ရှိကြောင်းလေ့လာသိရှိရပါတယ်။ နှစ်စဥ် မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပစိုက်ပျိုးလျက်ရှိတာ လည်းအားလုံးအသိပဲဖြစ်ပါတယ်။ စိုက်သမျှအပင်များရှင်သန်အောင်မြင်မှုရှိ၊ မရှိဆန်းစစ်ဖို့လိုပါတယ်။ အောင်မြင်မှုမရှိသည့် သစ်တောစိုက်ခင်းများတည်ရှိနေသော အမြဲတမ်းသစ်တောမြေများ၏ရေရှည် တည်တံ့မှုအပေါ် အာမခံရန်ခက်ခဲလာမည်ဖြစ်တယ်။ ဒါကြောင့် သစ်တောစိုက်ခင်းများရှင်သန် အောင်မြင်မှုသည်အထူးအရေးကြီးပြီး ခုတ်လှဲလိုက်သည့်သစ်ပင်အရေအတွက်နှင့် တူညီစွာပြန်လည် စိုက်ပျိုးရှင်သန်အောင်မြင်မှသာ သစ်တောများရေရှည်တည်တံ့မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၂ ခုနှစ်၊ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေယိုမြို့တွင် ကမ္ဘာ့မြေ ထိပ်သီးညီလာခံကျင်းပခဲ့ပြီးနောက် ထာဝစဉ်တိုးတက်ဖွံ့ဖြိုးရေး (Sustainable Development) အယူအဆများထွန်းကားလာပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ ဂေဟစနစ်ထိန်းသိမ်းကာကွယ်ရေးအရေးပါမှုကို နိုင်ငံတကာတွင် ပိုမိုအလေးထားအသိအမှတ်ပြုခဲ့ပါတယ်။ သို့ဖြစ်၍ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ မြန်မာ့သစ်တောများကို စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေအသစ်ကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒကိုလည်းကောင်း၊ ၎င်းနှစ်မှာပင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာညွှန်ကြားချက်များကိုလည်း၊ ၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို လည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်းတွေ့ရှိရပါတယ်။ သစ်တောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့သော်လည်း သစ်တောပြုန်းတီးမှုများ၊ သစ်တောအရည်အသွေး ကျဆင်းမှုများ ပိုမိုများပြားလာကြောင်းသိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောဦးစီးဌာနမှ စိစစ်ချက်အရ ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း နှစ်စဉ်တောပျက်နှုန်း ၀.၆၄ ရာခိုင်နှုန်းခန့်ရှိပြီး ၁၉၈၉ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်းနှစ်စဉ်တောပျက်နှုန်း ၁.၂ ရာခိုင်နှုန်းခန့်ရှိကြောင်းသိရှိရပါတယ်။ ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း(၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်များအထိ) ထုပ်လုပ်ရေး အလုပ်တိုက်နယ်များ၏ ပမာဏမှာဧက ၂၈.၃၆ သန်းခန့်ရှိပြီး လွန်ခဲ့သည့် ၁၀ နှစ်ခန့်ထက်ဧက ၃.၃၈ သန်းလျော့နည်းလာသည်ဟု လေ့လာသိရှိရပါတယ်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အတွင်း သဘာဝသစ်တောများ၏အရည်အသွေးကျဆင်းလာသဖြင့် ထုတ်လုပ်နိုင်စွမ်းမရှိသည့် သစ်တော အခြေအနေသို့ရောက်ရှိသွားသည့်ဧရိယာမှာ နှစ်စဉ်ဧကတစ်သန်းခန့်ရှိကြောင်းလည်း လေ့လာသိရှိ ရပါတယ်။ သစ်တောများပြုန်းတီးပျောက်ကွယ်သွားပါက သစ်တောများရှိဇီဝမျိုးစုံမျိုးကွဲများလည်း ပျောက်ကွယ်သွားမည်ဖြစ်ပါတယ်။ ရေမြေရာသီဥတုမြေမျက်နှာပြင်ပေါ်မူတည်၍ သစ်တော အမျိုးအစားကွဲပြားခြားနားသကဲ့သို့ ပေါက်ရောက်တည်ရှိသည့်မျိုးစိတ်များမှာလည်း အမျိုးအစား စုံလင်လှပါတယ်။ ဂေဟစနစ်ဖြစ်သည့် သစ်တောကြီးများမရှိပါက မျိုးစိတ်များနှင့် ၎င်းတို့၏ မျိုးရိုးဗီဇပါ ပြုန်းတီးပျောက်ကွယ်သွားမည်ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှုလည်း

ပျက်စီးသွားမှာဖြစ်ပါတယ်။ လေ့လာစာရင်းကောက်ယူမှုမှတ်တမ်းအရ မြန်မာနိုင်ငံတွင် နို့တိုက်သတ္တဝါ ၂၅၁ မျိုး၊ ငှက် ၁၀၉၆ မျိုး၊ တွားသွားသတ္တဝါ ၁၈၇ မျိုး၊ ကုန်းနေရေနေ ၁၂၉ မျိုး၊ ရေချိုငါး ၃၁၀ မျိုးနှင့် ရေငန်ငါးမျိုးစိတ် ၄၆၅ မျိုးရှိကြောင်းသိရပါတယ်။ ဤသို့ပေါများကြွယ်ဝသော်လည်း ရာသီဥတုပြောင်းလဲခြင်း၊ ဂေဟစနစ်ပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် လူတို့၏စားဝတ်နေရေးအတွက် တရားမဝင်ကူးသန်းရောင်းဝယ်သတ်ဖြတ်ခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပပျောက်လျက်ရှိပါတယ်။ ယခင်ကရှိခဲ့တဲ့ ဂျာဗားကြံ့၊ ဦးချိုတစ်ချောင်းရှိကြံ့များမှာ မျိုးသုန်းလုဖြစ်ခြင်း၊ ဆင်ရိုင်းများအတွက် စားကျက်မြေကျဉ်းမြောင်းလာခြင်းတို့အပြင် လိပ်မျိုးစိတ်များ၊ သင်းခွေချပ်များ၊ မြွေမျိုးစိတ်များ၊ တောက်တဲ့များနှင့် အခြားတောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများအား တရားမဝင်ပြည်တွင်းပြည်ပတင်ပို့ရောင်းချမှုများကြောင့် တောရိုင်းတိရစ္ဆာန်မျိုးသုန်းမှုအန္တရာယ်များနှင့်ရင်ဆိုင်နေရပြီး ရေရှည်တည်ရှိရေးအတွက် ထိန်းသိမ်းကာကွယ်ရေး လိုအပ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် တောက်တဲ့နှင့် သစ်ခွလိုချင်၍ သစ်ပင်ကြီးများ ခုတ်လှဲခံရခြင်း၊ မြွေများလျော့နည်းသွားသဖြင့် စပါးခင်းများတွင်ကြွက်ဖျက်ဆီးမှုအန္တရာယ် များပြားလာခြင်းစတာတွေလည်းဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ယခုလိုအကျိုးဆက်တွေမဖြစ်အောင်ထိန်းသိမ်းဖို့လိုကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောထိန်းသိမ်းရာတွင် ဒီရေတောများသည် အရေးကြီးသည့်ကဏ္ဍတွင်ရှိကြောင်းတင်ပြလိုပါတယ်။ မြန်မာနိုင်ငံတွင် ဒီရေတောများကို ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများတွင်တွေ့ရှိရပြီး ၁.၄၇ ရာခိုင်နှုန်းရှိပါတယ်။ လေ့လာသုတေသနပြုချက်အရ ဒီရေတောများဟာ ပင်လယ်ကမ်းရိုးတန်းများအား မြေပြိုတိုက်စားမှု၊ လေမုန်တိုင်းအရှိန်နှင့် မုန်တိုင်းဒီရေလှိုင်းကြီးများ၏အရှိန်ကို အထိုက်အလျောက်သက်သာစေပါတယ်။ ဂျပန်သုတေသီအဖွဲ့တစ်ဖွဲ့၏လေ့လာတွေ့ရှိချက်အရ သိပ်သည်းမှုကောင်းမွန်ပြီးအကျယ်ပေ ၃၀၀ ရှိတဲ့ ဒီရေတောတစ်တောဟာ မုန်တိုင်းဒီရေလှိုင်းအမြင့်ရဲ့ ၅၀ ရာခိုင်နှုန်းခန့်ကိုလျော့ကျစေနိုင်ပြီး ဒီရေလှိုင်းဖျက်ဆီးမှု ၉၀ ရာခိုင်နှုန်းခန့်ကိုလျော့ပါးစေနိုင်ကြောင်း သိရှိရပါတယ်။ ၂၀၀၄ ခုနှစ် ဆူနာမီအဖြစ်အပျက်မှာလည်း သုတေသနတွေ့ရှိချက်အရ ဒီရေတောရှိတဲ့နေရာမှာ အပျက်အစီး၊ အသေအပျောက်နည်းခဲ့ကြောင်းသိရှိခဲ့ရပါတယ်။ ဥပမာအားဖြင့် ဆူနာမီရေလှိုင်းများရိုက်ခတ်ခဲ့စဉ်က သီရိလင်္ကာနိုင်ငံတွင် ဒီရေတောများဝန်းရံတည်ရှိတဲ့ရွာများမှာ လူနှစ်ယောက်သာသေဆုံးပြီး အနီးအနားက ဒီရေတောများမရှိတဲ့ရွာများမှာ လူ ၆၀၀၀ ကျော်

သေဆုံးခဲ့ပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အကြောင်းကြောင်းကြောင့် ဒီရေတောတွေ ပြုန်းတီးလာတဲ့အတွက် ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအဖြစ်အပျက်မှာလည်း တော်တော်များများထိခိုက်ခဲ့ပါတယ်။ အသက်ဘေးမှလွတ်မြောက်သူများ၏ပြောကြားချက်အရ သစ်ပင်တွေကို ဖက်တွယ်ထားခဲ့လို့ အသက်ရှင်ခဲ့တယ်ဆိုတာသိရပါတယ်။ ဒါ့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသရဲ့ သဘာဝဒီရေတောတည်ရှိမှုကို လယ်ယာတွေ၊ ပုစွန်ကန်တွေ၊ လူနေဒေသတွေ၊ ဆားကွင်းဧရိယာတွေ တိုးချဲ့မှုမှလွတ်ကင်းအောင် တတ်နိုင်သမျှပြုစုထိန်းသိမ်းဖို့လိုအပ်ကြောင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ အဓိကစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရေအားလျှပ်စစ်ပိုမိုထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးလုပ်ငန်းများတွင် ရေသည်အဓိကအကျဆုံးဖြစ်ပါတယ်။ ရေသယံဇာတတိုးမြှင့်သုံးနိုင်ရန်တည်ဆောက်ခဲ့သည့် ဆည်နှင့် ရေလှောင်တာတမံများ ထာဝစဥ်တည်တံ့စွာ အသုံးပြုနိုင်ရေး၊ သဘာဝမြစ်ချောင်းများရှိ ရေသယံဇာတများထိန်းသိမ်းရေးအတွက် ရေဝေရေလဲဒေသရှိ သဘာဝသစ်တောများထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ရေဝေရေလဲဒေသများအတွက် အကောင်းဆုံးအခြေအနေမှာလုံးဝထိခိုက်ပျက်စီးမှုမရှိသည့် ပကတိအခြေအနေပင်ဖြစ်ပါတယ်။ ရေဝေရေလဲဒေသများထိခိုက်ပျက်စီးမှုကြောင့် မြေဆီလွှာတိုက်စားပြုန်းတီးခြင်း၊ မြေနိမ့်ဒေသရှိမြစ်ချောင်းအင်းအိုင်တာတမံများတွင် သဲနုန်းအနယ်အနှစ်များပို့ချတိမ်ကောခြင်း၊ လှေသင်္ဘောသွားလာမှုအတွက် ရေကြောင်းလမ်းများကျဥ်းလာခြင်း၊ မိုးသည်းထန်စွာရွာလျှင်ရေကြီးခြင်း၊ မြေအောက်ရေလွှာဆုတ်ယုတ်ခြင်း၊ နွေရာသီတွင် စိမ့်စမ်းများခမ်းခြောက်ပြီး ရေရှားခြင်းစတဲ့နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်လာပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် ဖော်ပြပါအခြေအနေများဖြစ်ပေါ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ရေဝေရေလဲဒေသရှိ သဘာဝတောများ ထိန်းသိမ်းရေးကိုလည်း အလေးထားထိန်းသိမ်းရမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောပြုန်းတီးခြင်းတွင် လတ်တလောအကြောင်းရင်းနှင့် အရင်းခံအကြောင်းရင်းများဟူ၍ ယေဘုယျခွဲခြားကြည့်နိုင်ကြောင်း ပညာရှင်များကတင်ပြကြပါတယ်။ လတ်တလောအကြောင်းရင်းမှာ သစ်တောခုတ်ထွင်ရှင်းလင်းမှုကို တိုက်ရိုက်ဖြစ်စေသော အကြောင်းအရင်းများဖြစ်ပြီး စိုက်ပျိုးမြေချဲ့ထွင်မှု၊ သစ်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အဦများတိုးချဲ့မှုတို့ပါဝင်ပါတယ်။ အရင်းခံအကြောင်းရင်းများမှာ လတ်တလောအကြောင်းရင်းများပေါ်ပေါက်အောင် အားပေးနေသည့် လူမှုရေးအကြောင်းအရင်းများဖြစ်ပါတယ်။

လူဦးရေ၊ နည်းပညာ၊ ယဥ်ကျေးမှု၊ စီးပွားရေးမူဝါဒနှင့် အုပ်ချုပ်မှုစနစ်တို့ပါဝင်ပါတယ်။ ချိန်းဆောနှင့် စက်ယန္တရားအသုံးပြုပြီး သစ်ထုတ်လုပ်တဲ့အတွက် သစ်တောများမြန်ဆန်စွာပြုန်းတီးလာနိုင်သလို နိုင်ငံခြားဝင်ငွေရရှိရေးအတွက် သစ်များပြားစွာထုတ်လုပ်မှုကြောင့် သစ်တောရေရှည်တည်တံ့ရေးကို ထိခိုက်လာနိုင်ပါတယ်။ သစ်တောများ စီးပွားဖြစ်ထုတ်လုပ်ရောင်းချပြီး နိုင်ငံခြားဝင်ငွေရရှိမှုကိုကြုံဆို ရမှာဖြစ်ပါတယ်။ သို့သော်လည်း ပြည်တွင်းသုံးစွဲရန်လွယ်ကူစွာရောင်းချမပေးနိုင်သဖြင့် တရားမဝင် သစ်ထုတ်လုပ်မှုများ၊ ပြည်တွင်းသစ်ဈေးကြီးမှုများကြုံလာရပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လွန်ခဲ့သော ၁၈၂၇ ခုနှစ်မှ ယနေ့တိုင်ကျွန်းကို အဓိကသစ်တောထွက်ပစ္စည်းအဖြစ် နှစ်ပေါင်း ၁၈၀ ကျော် တရားဝင်ရော၊ တရားမဝင်ပါ ထုတ်ယူသုံးစွဲခဲ့ကြသည့်အတွက် ယခုအခါကျွန်းသစ်မှာ ရှားပါးလာပြီဟု ဆိုရမှာဖြစ်ပါတယ်။ မြန်မာ့သစ်တောများတွင် ကျွန်းပါဝင်မှုလျော့နည်းလာခဲ့ပြီး ဈေးကွက်ဝင်မှု နည်းပါးသော သစ်ပင်များ၊ ချုံပင်များသာအများစုကျန်နေတော့လျှင် ထိုတောပျက်များကို သစ်တော စိုက်ခင်းများထူထောင်ရာတွင် ပုဂ္ဂလိကများကိုလည်းယခုထက်ဆွဲဆောင်မှုပေး၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးစေသင့်ပါတယ်။ ယခင်က နိုင်ငံခြားဝင်ငွေရရှိရန်အဖိုးတန်ကျွန်းနှင့် သစ်မာများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့သော်လည်း ယခုအခါ လယ်ယာထုတ်ကုန်ပစ္စည်းများ၊ ကျောက်မျက်၊ ဓာတ်သတ္တုနှင့် သဘာဝဓာတ်ငွေ့များရောင်းချမှုကြောင့် နိုင်ငံခြားဝင်ငွေများရရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်းသစ်နှင့် သစ်မာများတင်ပို့၍ နိုင်ငံခြားဝင်ငွေမရှာတော့ဘဲ အခြားနိုင်ငံများနည်းတူ သဘာဝတောကောင်းများမှ သစ်ထုတ်လုပ်ခြင်းကို သင့်တော်သောအချိန်တွင် အချိန်ကာလတစ်ခု သတ်မှတ်၍ ပိတ်ပင်သင့်ပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ကျေးလက်နေ ပြည်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ကျေးလက်နေပြည်သူများသည်ချက်ပြုတ်ရန် လောင်စာအတွက် ထင်းကိုသဘာဝသစ်တောများမှ ကောက်ယူစုဆောင်းခြင်း၊ စားကျက်မြေ၊ ယာမြေများကိုပေါက်နေ သောသစ်ပင်များမှ ခုတ်ယူရခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုဖြစ်စေတယ်လို့ဆိုပါတယ်။ ထိုကဲ့သို့ သဘာဝတောများမှ ထင်း၊ မီးသွေး၊ လောင်စာများကို ဆက်လက်ထုတ်ယူသုံးစွဲနေပါက သစ်တောများ ရေရှည်တည်တံ့ရေးကို များစွာထိခိုက်လာမည်ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးမှထွက်ရှိသော စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြစ်တဲ့ စပါးခွံ၊ ပဲစင်းငုံရိုး၊ နှမ်းရိုးတို့ကို ထင်းလောင်စာများနေရာတွင် အစားထိုးသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများသာမက မြို့ကြီး

များတွင်နေထိုင်သူများအနေဖြင့်လည်း ထင်းမီးသွေးကိုပဲမီးဖိုချောင်သုံးလောင်စာအဖြစ် အများအပြား အသုံးပြုနေရပါတယ်။ ဒီအတွက်လည်း အစားထိုးလောင်စာများဖြင့် လွှဲပြောင်းအသုံးပြုမှသာ သစ်တောများပြုန်းတီးမှုလျော့နည်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် နိုင်ငံတော်အစိုးအနေဖြင့် အဖိုးတန်ကျွန်း၊ သစ်မာနှင့် သစ်တောထွက် ပစ္စည်းများကိုစနစ်တကျထုတ်ယူသုံးစွဲကာ ပြင်ပဝင်ငွေတိုးတက်ရှာဖွေပေးနိုင်ရေးအတွက် ထပ်ဆင့် တန်ဖိုး တိုးမြှင့်ထွက်ကုန်ပစ္စည်း (Value Added Product) များ တင်ပို့ရောင်းချနိုင်မည့် သစ်အခြေခံလုပ်ငန်း (Wood Based Industry) ကို တိုးချဲ့ဆောင်ရွက်ခြင်း၊ ထုတ်လုပ်ပြီးကျွန်းနှင့် သစ်မာများကို သစ်လုံးလိုက်တင်ပို့ရောင်းချခြင်းကို လုံးဝခွင့်မပြုခြင်း၊ သဘာဝတောများကို ထိရောက်စွာကာကွယ်ပေးခြင်း၊ အမြဲတမ်းသစ်တောမြေများကို အခြားမြေအသုံးချမှုများကြောင့် ပယ်ဖျက်ပေးရခြင်းကို အနည်းဆုံးဖြစ်အောင် ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းဆောင်ရွက်ခြင်း နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သစ်တောစိုက်ခင်းများ၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများအောင်မြင်အောင် ထိန်းသိမ်း ပြုစုခြင်း၊ မြို့ကြီးများတွင် မီးဖိုချောင်သုံးလောင်စာအဖြစ် ထင်းနှင့် မီးသွေးအသုံးပြုခြင်းအစား မီးသွေးတောင့်၊ ဂက်စ်၊ လျှပ်စစ်မီးစသောအခြားလောင်စာတို့ဖြင့် အစားထိုးသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ကျေးလက်များတွင် ထင်းအသုံးလျော့နည်းစေရန် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ လောင်စာအဖြစ်သုံးနိုင်သော အေဝမ်းမီးဖိုများကိုကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင်ဆောင်ရွက် ပေးခြင်း၊ ကျေးလက်နေဆင်းရဲနွမ်းပါးသူများ၊ ထင်းခုတ်သမားများ၊ မီးသွေးဖုတ်သမားများအတွက် အခြားအလုပ်အကိုင်အခွင့်အလမ်းများထူထောင်ပေးခြင်း၊ ပုဂ္ဂလိကသစ်ထုတ်လုပ်ခွင့်ရရှိသူများ၊ သစ် အလွန်အကျွံမထုတ်စေရန်နှင့် တရားမဝင်သစ်ထုတ်လုပ်ငန်းများကို ကာကွယ်တားဆီးခြင်း၊ ပြည်တွင်း သစ်လိုအပ်ချက်ကို သစ်တောပြုန်းတီးမှုမရှိစေဘဲ စနစ်တကျထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချပေးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို ဗဟိုအဆင့်မှသာမက ပြည်နယ်/တိုင်း ဒေသကြီးအထိ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲနိုင်ရေးကို အစီအမံများစနစ်တကျချပေးခြင်း၊ သဘာဝ သစ်တောကြီးများမှ သစ်ထုတ်လုပ်မှုလုပ်ငန်းများကို ဥပဒေရေးဆွဲပြဋ္ဌာန်း၍ အချိန်ကာလတစ်ခုအထိ ရပ်ဆိုင်းခြင်းစသည်များကိုဆောင်ရွက်သင့်ပါတယ်။ သို့ပါ၍ သဘာဝသစ်တောကြီးများ ထာဝစဉ် တည်တံ့ဖွံ့ဖြိုးမှသာလျှင် နိုင်ငံတော်၏သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်တံ့ကောင်းမွန်ပြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် နိုင်ငံတော်ရှိအရေးပါသော သဘာဝသစ်တောကြီးများ

ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးသန်းနွယ်တင်သွင်းတဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြင့်(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုတလင်မဲဆန္ဒနယ်က ဦးသန်းနွယ်တင်သွင်းသွားတဲ့ သဘာဝဝန်းကျင်တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကိုပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်အသုံးပြုနိုင်ရေးနှင့် နိုင်ငံတော်ရှိအရေးပါသော သစ်တောကြီးများ ထာဝစဉ်တည်တံ့အောင်ထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်း အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘုတလင်မဲဆန္ဒနယ်က ဦးသန်းနွယ်တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန်သင့်၊ မသင့်လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးသန်းနွယ်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘုတလင်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးစီမံချက် ဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဒေါက်တာသန်းဝင်း တင်ပြဖို့ဖြစ်ပါတယ်။ အဆို ၅ မိနစ်အတွင်းပြီးတယ်ဆိုရင် တင်ပြပါ။ ၅ မိနစ်အတွင်း မပြီးနိုင်ဘူးဆိုရင် မတင်ပြပါနဲ့။

**ဒေါက်တာသန်းဝင်း (မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ၅ မိနစ်အတွင်း ပြီးအောင်တင်ပြပါမယ် ဥက္ကဋ္ဌကြီး။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော်တင်မယ့်အဆိုကတော့ မြန်မာရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်မည်ဟူသောဆိုရိုးစကားရှိပါတယ်။ ယခုအခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ခေတ်ရေစီးကြောင်းဆိုသည်ကိုအကြောင်းပြု၍၊ ခေတ်လူငယ်အများအပြားသည် တိုင်းတစ်ပါးယဉ်ကျေးမှုဖြစ်သော သရုပ်ပျက်အကနှင့် သရုပ်ပျက်တေးဂီတများကို အထင်ကြီးမြတ်နိုးခုံမင်လိုက်စားမှုများ ကျယ်ပြန့်နေသည်ကို တွေ့မြင်နေရပါတယ်။ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စတဲ့ မြန်မာ့သုခုမ အနုပညာရေစီးကြောင်းဟာ ခေတ်အဆက်ဆက်အရှိန်ကောင်း၍ ပြည်သူများ၏ စိတ်ကိုအလွယ်တကူညွှတ်ပြောင်းစေနိုင်သော သတ္တိထူးရှိပါတယ်။ လွန်ခဲ့သော ၇၅ နှစ်ကျော်က ပေါ်ပေါက်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်ဟာ ငွေရတု၊ ရွှေရတုကာလများမှာ အဆင့်အတန်းအရည်အသွေးမြင့်မားခဲ့သော်လည်း ယခုကာလမှာတော့ မြန်မာ့ရုပ်ရှင် VCD, DVD ကားအများစုဟာ အရည်အသွေးကျဆင်းမှုကြောင့် တိုင်းတစ်ပါးရုပ်ရှင်များရဲ့ ဝတ်စားဆင်ယင်မှုအကျင့်စရိုက်များ ထိုးဖောက်လွှမ်းမိုးမှုများကို ခံနေကြရပါတယ်။ မြန်မာ့ယဉ်ကျေးမှုရဲ့ အခြေခံအနုပညာဖြစ်တဲ့ မြန်မာ့ဇာတ်သဘင်ဟာ မြို့ပြများနှင့် ခေတ်လူငယ်များရဲ့အာရုံမှာ တဖြည်းဖြည်းမှေးမှိန်လာခဲ့ပြီး လုံးဝပျောက်ကွယ်လုနီးပါးအခြေအနေသို့ဆိုက်ရောက်လျက်ရှိနေပြီဖြစ်ပါတယ်။ ပြည်တွင်းတွင် အခြေအနေယိမ်းယိုင်နေသော မြန်မာ့ဇာတ်သဘင်အကပညာရပ်ကို မကြာမီကာလတစ်ခုက အလင်္ကာကျော်စွာရွှေမန်းတင်မောင်၏ မြေးဖြစ်သူဟာ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်တင်ဆက်ဖျော်ဖြေခဲ့ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု

အကပညာအစစ်ကို အမေရိကန်ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအပါအဝင် အမေရိကန်ပြည်သူတချို့က လိုက်လှဲစွာအားပေးခဲ့ကြသည်ကို ကြားသိခဲ့ရပါတယ်။ အဆိုးဆုံးအခြေအနေမှာ မြန်မာဂီတလောက ဖြစ်သည်။ တိုင်းတပါးသရုပ်ပျက်တေးများ၊ KTV ကာရာအိုကေများတို့ကသာ လွှမ်းမိုးလျက်ရှိပြီး မြန်မာ့ယဉ်ကျေးမှု ဂန္ထဝင်တေးများကို MRTV၊ MRTV-4၊ မြဝတီ စသည့်နိုင်ငံတော်အပိုင်းကနေရာပေး ချီးမြှင့်မြှောက်စားမှု နည်းပါးနေသည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ အဘက်ဘက်က တိုင်းတစ်ပါးသရုပ်ပျက် ယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးမှုများ၏ နောက်ဆက်တွဲ မကောင်းသောအကျိုးဆက်များသည် နိုင်ငံတော်တစ်ဝန်းတွင် တစ်နေ့တခြား သရုပ်သကန်ထင်ရှားလာခဲ့ပြီဖြစ်ပါတယ်။ ခေတ်လူငယ်များ အထူးသဖြင့် မြန်မာအမျိုးသမီးငယ်လေးများ၏ ဝတ်စားဆင်ယင်မှုများသည် လောကပါလတရား ၂ ပါးဖြစ်တဲ့ ဟီရိဩတ္တပအရှက်နှင့် အကြောက်တရားနှစ်ပါး တစ်စတစ်စကင်းကွာလာနေရာ အစဉ်အလာ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်များ တစ်နှစ်ထက်တစ်နှစ်ပိုမို၍ အကျည်းတန်လာခြင်းများသည် အထင်ရှားဆုံးသာဓကဖြစ်တယ်။ ပြည်ထောင်စုပါတီအစိုးရ ခေတ်မှသည် တော်လှန်ရေးအစိုးရခေတ်ကာလအတွင်း မြန်မာ့အသံရေဒီယိုမှ တစ်ပတ်တစ်ကြိမ် မြန်မာအမျိုးသမီးလေးများ ယဉ်ကျေးသိမ်မွေ့အောင် နိုင်ငံကျော်စာရေးဆရာမကြီး ဒေါ်ရီရီကြိန်က ပြောပါရစေရှင် ကဏ္ဍမှ နည်းမျိုးစုံဆုံးမဩဝါဒပေးခဲ့သည်မှာ ယခုကာလအတွက် အလွန်အမှတ်တရတန်းဖိုးရှိလှပါတယ်။ ခေတ်ရေစီးကြောင်းကို ဟန့်တား၍မရသော်လည်း အဲဒီရေစီးကြောင်းနှင့်အတူ မျောပါလာသည့် အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ယဉ်ကျေးမှုပျောက်၍ လူမျိုးပါပျောက်မည့် အမျိုးသားရေးအန္တရာယ်နှင့် နိုင်ငံနှင့်လူမျိုးတစ်မျိုးလုံး၏ ဂုဏ်သိက္ခာကို ကျဆင်းထိပါးစေသော ဤရိုးရာယဉ်ကျေးမှု အနုပညာထိပါးခြင်းဆိုင်ရာကိစ္စရပ်သည် တစ်နိုင်ငံလုံး အရေးဖြစ်၍ အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်မှ ပြတ်ပြတ်သားသားဆောင်ရွက်ရမည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့စာပေ၊ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်နယ်ပယ်မှ ဝါရင့်ဂန္ထဝင်ပညာရှင်များ၊ မြန်မာ့ယဉ်ကျေးမှုကို တာဝန်သိသိ ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်နေသော မျိုးဆက်သစ်အနုပညာရှင်များပါဝင်သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး အမျိုးသား

ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးစီမံချက်များ အမြန်ဆုံးချမှတ်ဆောင်ရွက်အကောင်အထည်ဖော်ပေးပါရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်သို့တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒေါက်တာသန်းဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ တင်သွင်းသွားတဲ့အဆိုကို ရသေ့တောင်မဲဆန္ဒနယ်မှ ကျွန်မ ဒေါ်ခင်စောဝေမှ ထောက်ခံအပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဒေါက်တာသန်းဝင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ တင်သွင်းသွားသော အဆို ၂ ခုကို ဆွေးနွေးမယ့်ရက်ကိုထပ်မံကြေညာပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် ၁၂း၃၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒသမနေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း ၀၀ ။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ် ၁၃း၀၀ နာရီမှာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးရှိပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂း၀၀ နာရီတွင် ရပ်နားပါသည်။]